# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁၉ ရက်၊ သောကြာနေ့ အတွဲ (၆၅)၊ အမှတ်(၀၈၀)


## နိုင်ငံတော်တွင် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝများ တိုးတက်ရေးတို့အတွက် ကရင်ပြည်နယ်မှ ကရင်တိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူများနှင့် ကရင်တိုင်းရင်းသား ညီအစ်ကို မောင်နှမများခင်ဗျာ**

ယနေ့ ခရစ်နှစ် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်၊ ကရင်သက္ကရာဇ် ၂၇၆၅ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ပြာသိုလဆန်း (၁) ရက်နေ့သည် ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အမြတ်တနိုး တန်ဖိုးထားသည့် ကရင်အမျိုးသားနှစ်သစ်ကူး နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ယခုကဲ့သို့ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခါသမယတွင် ကရင်တိုင်းရင်းသားများအပါအဝင် မိဘပြည်သူ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။


စာမျက်နှာ ၃ ကော်လံ ၁ ❍


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပူတာအိုခရိုင် မချမ်းဘော့မြို့နယ်ရှိ ကောင်းမှုလုံစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညို

**ပူတာအို ဒီဇင်ဘာ ၁၈**

ကချင်ပြည်နယ် ပူတာအိုမြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ်ရှိ ကောင်းမှုလုံ စေတီတော်အား သွားရောက် ဖူးမြော်ကြည်ညိုသည်။


စာမျက်နှာ ၄ ကော်လံ ၁ ❑






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မချမ်းဘော့မြို့နယ် ကောင်းမှုလုံစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ဆွမ်း၊ သစ်သီး၊ ဆီမီး၊ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်စဉ်။




❑ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် နိုင်ငံ၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်ခဲ့ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးပြီး လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့၊ သို့သော်လည်း အချို့မှာ အမှန်အတိုင်း ရှုမြင်ဆင်ခြင်သုံးသပ်ခြင်းမရှိဘဲ လမ်းမှားပေါ်၌ပင် လျှောက်လှမ်းနေဆဲဖြစ်နေကြရာ နိုင်ငံနှင့်ပြည်သူအကျိုးကိုရှေးရှုလျက် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် လျှောက်လှမ်းကြပါရန် အသိပေးတိုက်တွန်းလို၊ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမှုကို ထာဝရကြိုဆိုလျက်ရှိပြီး အစဉ်အမြဲ တံခါးဖွင့်ထားပါကြောင်း ထပ်မံအသိပေး ဖော်ပြအပ်

○ ရှေ့ဖုံးမှ

ကရင်တိုင်းရင်းသားတို့၏ နှစ်သစ်မင်္ဂလာ နေ့ထူးနေ့မြတ်အချိန်အခါကို ယခုလို နှစ်စဉ်ပြာသိုလဆန်း(၁)ရက်နေ့တွင် ပျော်ရွှင်ကြည်နူးစွာဆင်နွှဲကြပြီး ထိုနေ့ကို နိုင်ငံတော်အစိုးရက မြန်မာတစ်နိုင်ငံလုံး တရားဝင်ရုံးပိတ်ရက်အဖြစ် လေးစားဂုဏ်ပြုသတ်မှတ်ပေးထားပါသည်။ နှစ်သစ်ကူးနေ့ကို ကောင်းမြတ်သောနေ့၊ မင်္ဂလာရှိသောနေ့ဟု အမိပွာယ်ဖွင့်ကြပြီး နှစ်ဟောင်းကုန်၍ နှစ်သစ်ကိုကူးပြောင်းသည့် ကရင်နှစ်သစ်ကူး အချိန်အခါသမယမှသည် နှစ်သစ်အတွက် ကရင်တိုင်းရင်းသားတို့သည် စိတ်သစ်လူသစ်ဖြင့် လန်းဆန်းတက်ကြွနေမည်ဟု ယုံကြည်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများသည် တစ်ဦးနှင့်တစ်ဦး ဓလေ့ထုံးစံများ မတူကွဲပြားခြားနားကြသော်လည်း တိုင်းရင်းသားမျိုးနွယ်စုအားလုံး မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် တစ်ဦးအပေါ်တစ်ဦး တန်ဖိုးထားလေးစား၍ ရင်းနှီးချစ်ကြည်စွာ အတူတကွနေထိုင်လာခဲ့ကြပါသည်။ မွေးဖွားရာဇာတိ၊ နေထိုင်သည့် အရပ်ဒေသနှင့် ပြောဆိုသုံးနှုန်းသော ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်သည့် ဘာသာ၊ ဓလေ့ထုံးတမ်း အစဉ်အလာ စသည်ဖြင့် မည်သို့ပင်ကွဲပြားခြားနားစေကာမူ တစ်မြေတည်းနေ တစ်ရေတည်းသောက်ပြီး ပြည်ထောင်စုကြီးအတွင်း စည်းလုံးညီညွတ်စွာ စုပေါင်းနေထိုင်လာခဲ့ကြပါသည်။

ကရင်တိုင်းရင်းသားများသည် မြန်မာနိုင်ငံဖွား တိုင်းရင်းသားများဖြစ်သည်နှင့်အညီ ကရင်ပြည်နယ်အပြင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပျံ့နှံ့နေထိုင်လျက်ရှိကြပါသည်။ အထူးသဖြင့် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် များပြားစွာ ရှိနေကြပါသည်။ ကရင်တိုင်းရင်းသားတို့သည် သမိုင်းစဉ်တစ်လျှောက် တိုင်းရင်းသားအားလုံးနှင့် အေးအတူ ပူအမျှစည်းလုံးညီညွတ်စွာ နေထိုင်လာခဲ့ကြပါသည်။ ထို့ပြင် မိမိတို့နိုင်ငံသူ့ကျွန်ဘဝ ကျရောက်ခဲ့စဉ်ကာလ နိုင်ငံလွတ်လပ်ရေးအတွက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင်လည်း ကရင်တိုင်းရင်းသားတို့သည် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် အပြည့်အဝဖြင့် တိုင်းရင်းသားအားလုံးနှင့်အတူ အသက်သွေးချွေးတို့ စတေးပြီး တိုက်ပွဲဝင်ခဲ့ကြသည်ကို သမိုင်းက သက်သေတည်လျက်ရှိပါသည်။

ကရင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက်တွင် တည်ရှိပြီး သဘာဝအရင်းအမြစ်များဖြစ်သည့် မြစ်ချောင်းများ၊ ရေတံခွန်စိမ့်စမ်းများ၊ မြင့်မားလှပသည့်တောင်တန်းများ၊ စိမ်းလန်းစိုပြည်သည့် သစ်တောများရှိပြီး ဖွဲကပင်တောင်၏ အလှသည် ကရင်ပြည်နယ်၏ အထင်ကရနေရာ အမှတ်အသားတစ်ခုအဖြစ် တည်ရှိနေပါသည်။ ကရင်တိုင်းရင်းသားတို့၏ ကိုယ်စားပြုယဉ်ကျေးမှုသင်္ကေတမှာ ဖားစည်နှင့် ကျွဲချိုဖြစ်ပြီး ကရင်ဒုံးအကသည် လူကြိုက်များသော အကဖြစ်၍ ပြည်တွင်း၌သာမက ပြည်ပတွင်ပါ ထင်ရှားသော ကိုယ်ပိုင်ယဉ်ကျေးမှု အကတစ်ခုဖြစ်ပါသည်။ ကရင်မျိုးနွယ်စုအားလုံးသည် နှစ်သစ်ကူးပွဲ၊ အိမ်သစ်တက်ပွဲ၊ ကောက်သစ်စားပွဲ၊ လိပ်ပြာခေါ်ပွဲ၊ ဝါခေါင်လ ချည်မြှင်ဖွဲ့မင်္ဂလာပွဲ စသည့်ဘာသာရေးဆိုင်ရာ ရိုးရာပွဲတော်များကို သတ်မှတ်ကာလအလိုက် ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ ပြုလုပ်ကျင်းပကြပါသည်။

ကရင်တိုင်းရင်းသားတို့သည် ပင်ကိုသဘာဝအရ ရိုးသားပြီး မာန်မာနကင်းစင်ကာ ပွင့်လင်းဖော်ရွေကြသူများ အေးချမ်းစွာ နေထိုင်သူများ ဖြစ်ကြပါသည်။ အလားတူ ရဲရင့်ပြတ်သားပြီး ကတိသစ္စာလည်းကြီးမားကြပါသည်။ ကရင်တိုင်းရင်းသားများ၏ ဘိုးဘွားဘီဘင် အစဉ်အဆက် ထိန်းသိမ်းလာခဲ့ကြသည့် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု အနုပညာ၊ ရိုးရာဓလေ့ထုံးတမ်းများ၊ သမိုင်းအမွေအနှစ်များကို အစဉ်အလာအတိုင်း လက်ဆင့်ကမ်း ဆက်လက်ထိန်းသိမ်းကြရန် တိုက်တွန်းလိုပါသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ကရင်တိုင်းရင်းသားများနည်းတူ အနယ်နယ်အရပ်ရပ်ရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးသည် မိမိတို့၏ ကောင်းမြတ်သော အစဉ်အလာများကို အစဉ်အမြဲ ထိန်းသိမ်းစောင့်ရှောက်ပြီး အားလုံးအတူတကွ ဥမကွဲသိုက်မပျက် တွဲလက်များညီညာပါက ပြည်ထောင်စုကြီးသည်လည်း စည်းလုံးညီညွတ်မှုဖြင့် အခွန့်ရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ**

မိမိတို့နိုင်ငံသည် လွတ်လပ်ရေး ရရှိပြီးနောက်ပိုင်း ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှု အမွေဆိုးကြောင့် တိုင်းရင်းသားညီနောင်များအချင်းချင်း အထင်အမြင်လွဲမှားကာ ကရင်ပြည်နယ်အတွင်းတွင်လည်း လက်နက်ကိုင်ပဋိပက္ခများဖြင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့သည်မှာ ယခုတိုင်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအဆက်ဆက်အနေဖြင့် နိုင်ငံတော်ထာဝရငြိမ်းချမ်းရေးကို ကြိုးစားဆောင်ရွက်ခဲ့ကြသော်လည်း လွဲမှားသည့် အတွေးအခေါ်အယူအဆများနှင့် နိုင်ငံနှင့် တိုင်းရင်းသားပြည်သူများ အားလုံးအကျိုးထက် ကျဉ်းမြောင်းသည့် ကိုယ်ကျိုးအတ္တများကို ရှေ့တန်းတင်နေကြခြင်းကြောင့် လက်နက်ကိုင် ပဋိပက္ခများနှင့် ဆူပူအကြမ်းဖက်မှုများသည် ယနေ့ကာလအထိ ရှည်ကြာနေပြီး မိဘပြည်သူတိုင်းရင်းသားများ ဆင်းရဲဒုက္ခမျိုးစုံ ကြုံတွေ့နေရသည်မှာ ဝမ်းနည်းဖွယ်ရာ ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် နိုင်ငံ၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်ခဲ့ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးပြီး လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။ သို့သော်လည်း အချို့မှာ အမှန်အတိုင်း ရှုမြင်ဆင်ခြင်သုံးသပ်ခြင်းမရှိဘဲ လမ်းမှားပေါ်၌ပင် လျှောက်လှမ်းနေဆဲဖြစ်နေကြရာ နိုင်ငံနှင့်ပြည်သူအကျိုးကို ရှေးရှုလျက် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် လျှောက်လှမ်းကြပါရန် အသိပေးတိုက်တွန်းလိုပါသည်။ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမှုကို ထာဝရကြိုဆိုလျက်ရှိပြီး အစဉ်အမြဲ တံခါးဖွင့်ထားပါကြောင်း ထပ်မံအသိပေး ဖော်ပြအပ်ပါသည်။

နိုင်ငံတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အခက်အခဲများကြားမှ ပိုမိုကြိုးစားဆောင်ရွက်သွားမည်သာ ဖြစ်ပါသည်။ ထို့ပြင် **"ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး"** ဟူသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်နှင့်အညီ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး၊ မဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်ရေးနှင့် သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး အလေးထား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူအားလုံးကလည်း ရွေးကောက်ပွဲကြီး အောင်မြင်ရေး ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံသားများ၏ အခြေခံလူမှုစီးပွားဘဝများ တိုးတက်စေရေး၊ လူတိုင်းကျန်းမာရေးကောင်းမွန်စေရေး၊ ပညာရေးကောင်းမွန်ပြီး အလုပ်အကိုင်များရရှိကာ လူတိုင်းဝင်ငွေရရှိစေရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်စေရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ တိုင်းရင်းသား ပြည်သူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ တိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝတိုးတက်ရေးကို ကရင်ပြည်နယ်အပါအဝင် နိုင်ငံနှင့်အဝန်း ရည်မှန်းချက်များ ချမှတ်ပြီး အောင်မြင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် စီးပွားရေးနှင့် ဆက်စပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်စေရေး စသည့် လုပ်ငန်းရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အလယ်အလတ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ တိုးတက်အောင်မြင်မှုရရှိစေရန် မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများကို နည်းပညာနှင့် ပေါင်းစပ်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးရှိပြီး နိုင်ငံ့စီးပွားရေးကို တိုးတက်စေမည် ဖြစ်ပါသည်။ ကရင်ပြည်နယ်သည် စီးပွားရေးအတွက် အခြေခံကောင်းသည့် သဘာဝအရင်းအမြစ်များ ပေါ်ကြွယ်ဝသည့် ဒေသဖြစ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ အဆင်ပြေတိုးတက်မည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးမှုနှင့် နိုင်ငံ့စီးပွားတိုးတက်မှုလည်း များစွာအထောက်အကူဖြစ်နိုင်ကြောင်း တိုက်တွန်းနှိုးဆော်လိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ**

ယနေ့ နိုင်ငံတော်တွင် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝများ တိုးတက်ရေးတို့အတွက် ကရင်ပြည်နယ်မှ ကရင်တိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြမည် ဖြစ်ပါသည်။ ကရင်ပြည်နယ်အပါအဝင် မိမိတို့ နေထိုင်ရာဒေသများအတွင်း လက်နက်ကိုင်ပဋိပက္ခများနှင့် ဆူပူအကြမ်းဖက်မှုများ လျော့နည်းပပျောက်လာစေရန် အချင်းချင်း ဝိုင်းဝန်းဆောင်ရွက်ပြီး တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတော်ကြီးအား စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်နိုင်ပါကြောင်း ဆုမွန်ကောင်းတောင်းလျက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ သဝဏ်လွှာ ပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ
ဥက္ကဋ္ဌ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်

" မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှု အမွေဆိုးကြောင့် တိုင်းရင်းသားညီနောင်များအချင်းချင်း အထင်အမြင်လွဲမှားကာ ကရင်ပြည်နယ်အတွင်းတွင်လည်း လက်နက်ကိုင်ပဋိပက္ခများဖြင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့သည်မှာ ယခုတိုင်ဖြစ်၊ နိုင်ငံတော်အစိုးရအဆက်ဆက်အနေဖြင့် နိုင်ငံတော်ထာဝရငြိမ်းချမ်းရေးကို ကြိုးစားဆောင်ရွက်ခဲ့ကြသော်လည်း လွဲမှားသည့် အတွေးအခေါ်အယူအဆများနှင့် နိုင်ငံနှင့်တိုင်းရင်းသားပြည်သူများအားလုံးအကျိုးထက် ကျဉ်းမြောင်းသည့် ကိုယ်ကျိုးအတ္တများကို ရှေ့တန်းတင်နေကြခြင်းကြောင့် လက်နက်ကိုင်ပဋိပက္ခများနှင့် ဆူပူအကြမ်းဖက်မှုများသည် ယနေ့ကာလအထိ ရှည်ကြာနေပြီး မိဘပြည်သူတိုင်းရင်းသားများ ဆင်းရဲဒုက္ခမျိုးစုံ ကြုံတွေ့နေရသည်မှာ ဝမ်းနည်းဖွယ်ရာဖြစ် "

❑ ရှေ့ဖုံးမှ

ဦးစွာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကောင်းမှုလုံစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ဆွမ်း၊ သစ်သီး၊ ဆီမီး၊ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ပြီး စေတီတော်အား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

**အလှူငွေများပေးအပ်လှူဒါန်း**

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် စေတီတော်၏ ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး စေတီတော်ဘက်စုံပြုပြင်မွမ်းမံ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ကောင်းမှုလုံစေတီတော်သည် ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် ကောင်းမှုလုံကျေးရွာအနီး မလိခမြစ်၏ အရှေ့ဘက်ကမ်း၌ ကျော်စောထင်ရှားသပ္ပာယ်စွာ တည်ရှိပြီး သာသနာသက္ကရာဇ် ၂၄၄ ခုနှစ် သီရိဓမ္မာသောကမင်းကြီးလက်ထက်တွင် မြတ်စွာဘုရား၏ ဓာတ်တော်သုံးဆူကို ဌာပနာသွင်း၍တည်ထားကိုးကွယ်ခဲ့ကြောင်း၊ စေတီတော်သည် ပူတာအိုဒေသတွင် အရွယ်အစားနှင့် ဉာဏ်တော်အမြင့်ဆုံးဖြစ်ပြီး မြန်မာနိုင်ငံ၏ မြောက်ဖျားအစွန်းတွင် ရှေးခေတ်အဆက်ဆက်မှ ယခုခေတ်ကာလတိုင် အောင်ဗုဒ္ဓသာသနာတော်တည်တံ့ထွန်းကား ပြန့်ပွားဆဲဖြစ်သည်ဆိုသည့် မော်ကွန်းအထိမ်းအမှတ်သဖွယ် တည်ရှိနေတော်မူခြင်းဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် မချမ်းဘော့တပ်နယ်နှင့် ပူတာအိုတပ်နယ်တို့ရှိ နယ်မြေခံတပ်ရင်း တပ်ဖွဲ့များကို လိုက်လံကြည့်ရှုပြီး အိမ်ထောင်သည် ရဲမေများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ရဲမေများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နယ်မြေခံတပ်နယ်ရှိ အိမ်ထောင်သည်ရဲမေများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

## နေပြည်တော်ကောင်စီဝင် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ်၊ ၅၃ / ၂၀၂၅**
**၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်**
**(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)**
**နေပြည်တော်ကောင်စီဝင် ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ဦးဝင်းမိုးခိုင် အား နေပြည်တော်ကောင်စီဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## ရွှေသွေးဂျာနယ် ထွက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၂၀-၁၂-၂၀၂၅ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၇) ၊ အမှတ် (၅၁) တွင်** သီလစောင့်ထိန်းခြင်းနှင့် ကုသိုလ်ကောင်းမှုပြုလုပ်ခြင်း၏ အကျိုးကျေးဇူးကြောင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ရသော မောင်မာဃနှင့် အပေါင်းအဖော်အကြောင်း သရုပ်ဖော်ထားသည့် "မောင်မာဃ" မျက်နှာဖုံးကာတွန်း၊ ခန္ဓာကိုယ်ကို အကျိုးပြုသည့် ဒိုပါမင်း ဟော်မုန်းအကြောင်း ဗဟုသုတဖြစ်ဖွယ် ရေးသားထားသည့် "လန်းဆန်းပျော်ရွှင်မှုပေးသော ဒိုပါမင်း" သုတဆောင်းပါးကဏ္ဍ၊ ဒေါသနှင့် သည်းမခံတတ်သည့် စိတ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် ကျားအိုကြီးအကြောင်း သရုပ်ဖော်ထားသည့် "ဒေါသကြီးတဲ့ ကျားအို" နှစ်မျက်နှာကာတွန်း၊ ဆရာ၏ စေတနာကို နားလည် သဘောပေါက်သွားသည့် ချောစုခိုင်အကြောင်းကို ရေးသားထားသည့် "အဆိပ်မပါ စိတ်အစာ" ဝတ္ထုကဏ္ဍ၊ စည်းကမ်းမလိုက်နာသည့်အတွက် ထိခိုက်ဒဏ်ရာရသွားသော ဟိန်းစည်အကြောင်းကို သရုပ်ဖော်ထားသည့် "ပန်ပန်" တစ်မျက်နှာကာတွန်း၊ အလွန်အကျွံဆော့တတ်သော မောင်သူရ အန္တရာယ်ဖြစ်သွားသည့်အကြောင်းကို သတိပြုဖွယ် ရေးသားထားသည့် "အဆော့မက်သူ" ပုံပြင်ကဏ္ဍ၊ ပေးထားသောရုပ်ပုံမှ ဆင်တူပုံလိပ်ပြာလေးများကို ရှာဖွေပေးကြရမည့် ဉာဏ်စမ်းကဏ္ဍ၊ ဖိုးဖိုး၏ ကူညီပေးမှုကြောင့် လောကကြီးတွင် အသုံးချတတ်လျှင် သူ့နေရာနှင့်သူ အသုံးဝင်သည်ကို တိရစ္ဆာန်များအားလုံး သိရှိသွားသည့်အကြောင်း သရုပ်ဖော်ထားသည့် "သူ့နေရာနှင့်သူ"




နှစ်မျက်နှာကာတွန်း၊ အီဒီယမ်များ အပါအဝင် Two-word Verb ဟုခေါ်သော Phrasal Verb များ၏ အသုံးများနှင့် ပတ်သက်သည့် အင်္ဂလိပ် စကားပြောများကို လေ့လာမှတ်သားနိုင်မည့် "အခြေခံလိုအပ်သည့် အီဒီယမ်" အင်္ဂလိပ်စာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




## စစ်ကိုင်းမြို့ လူမှုဝန်ထမ်း မူလတန်းကြိုကျောင်း အားကစားပြိုင်ပွဲကျင်းပ

**စစ်ကိုင်း ဒီဇင်ဘာ ၁၈**

စစ်ကိုင်းခရိုင်လူမှုဝန်ထမ်း ဦးစီးဌာနက ကြီးမှူး၍ လူမှုဝန်ထမ်းမူလတန်းကြိုကျောင်းရှိ ကလေးငယ်များ အားကစားပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက စစ်ကိုင်းမြို့ အားကစားခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ အကြီးဆင့် သားငယ်သမီးငယ်များက ပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသည့် သားငယ် သမီးငယ်လေးများအား ခရိုင်လူမှုဝန်ထမ်းရုံးခရိုင်ဦးစီးမှူး ဒေါ်နွယ်နွယ်အောင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အေးငြိမ်းစံ(ပြန်/ဆက်)**

## ပခုက္ကူတက္ကသိုလ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**ပခုက္ကူ ဒီဇင်ဘာ ၁၈**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ပခုက္ကူတက္ကသိုလ်၌ ယမန်နေ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာ တင်ထွန်းအောင်က ဟောပြောပွဲကျင်းပပြုလုပ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ပခုက္ကူခရိုင်ရုံး) မှ စစ်ဆေးရေးမှူး ဦးအောင်ဇင်ဝင်းက မော်တော်ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင် မှတ်ပုံတင်



ပြုလုပ်ပေးခြင်း၊ မော်တော်ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင် မှတ်ပုံတင် ကိုင်ဆောင်ခြင်း၏ အကျိုးကျေးဇူးများကို လည်းကောင်း၊ အမှတ်(၁၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ပခုက္ကူ)မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ရဲထွန်းမြတ်က ယာဉ်မတော်တဆမှု ဖြစ်ပွားရသည့် အကြောင်းရင်းများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေး လိုက်နာဆောင်ရွက်ရမည့်အချက်များကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။

**ဘာမီသာ(ပခုက္ကူ)**

❑ *ကျောဖုံးမှ*

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရှင်ကြီးများ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်စီးပွားရေးတက္ကသိုလ် (၂၅) နှစ်မြောက် ငွေရတုအထိမ်းအမှတ် အခမ်းအနားကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်အောင်စန်း၊ ဒေါက်တာကံဇော်၊ ဒေါက်တာချောချောစိန်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန် စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်တင်ထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ရန်ကုန်စီးပွားရေးတက္ကသိုလ် (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ပည်းကျောက်စာအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ငွေရတုအထိမ်းအမှတ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ တက္ကသိုလ်ပင်မဆောင်ရှေ့တွင် အမှတ်တရစုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အခမ်းအနားကို တက္ကသိုလ်ပင်မဆောင် ခန်းမ၌ ဆက်လက်ကျင်းပရာ တက္ကသိုလ်ကျောင်းသူများက "ဂုဏ်ယူပါသည် ငွေရတုတိုင်ပြီ" တေးသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန် စီးပွားရေးပညာရှင်များ၏ကဏ္ဍသည် အဓိကအရေးကြီးသည့်အတွက် စီးပွားရေးပညာရှင်များကို မွေးထုတ်ပေးနေသည့် ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွှာသာကြီးနယ်မြေ)၏ (၂၅)နှစ်မြောက် ကာလအထိ အောင်မြင်တိုးတက်မှု မှတ်တိုင်ကို ဂုဏ်ပြုသည့်အနေဖြင့် ယခုအခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း၊ ရန်ကုန် စီးပွားရေးတက္ကသိုလ် (ရွှာသာကြီးနယ်မြေ) ကို ၂၀၀၀ ပြည့်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါတွင် ဘွဲ့ကြိုသင်တန်းများ၊ ဂုဏ်ထူးတန်းများ၊ မဟာ အရည်အချင်းစစ် သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

**"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ဗလငါးတန်နှင့်ပြည်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အကြီးအကဲက အမြဲလမ်းညွှန်မှာကြားလျက်ရှိပြီး အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တက္ကသိုလ်တွင် နိုင်ငံတကာအဆင့်မီ ပညာရေးစနစ်ဖြစ်စေရန်အတွက် ကျောင်းသားဗဟိုပြု စဉ်းစားတွေးခေါ်မှုစနစ်၊ Case Study များနှင့် ပရောဂျက်အခြေပြု သင်ယူမှုစနစ်၊ လက်တွေ့အခြေပြု သင်ယူမှုနည်းစနစ်နှင့် စာကြည့်တိုက်ဗဟိုပြုစနစ်များကို အသုံးပြုသင်ကြားနေသည့် အတွက် ကျောင်းသား ကျောင်းသူများ အနေဖြင့် သင်ယူလေ့လာမှုအခွင့်အလမ်းကောင်းများ ရရှိနေကြပြီဖြစ်ကြောင်း၊ ထို့ပြင် ကျောင်းသား ကျောင်းသူများ၏ ပညာရည်မြင့်မားရေးကို ရည်ရွယ်ပြီး ပြုပါကြောင်း၊ တက္ကသိုလ်များတွင် မျိုးဆက်သစ်လူငယ်များကို မှန်ကန်သည့် အသက်မွေးဝမ်းကျောင်း အသိပညာ၊ အတတ်ပညာများ လေ့ကျင့်သင်ကြားပေးနိုင်အောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ထို့ပြင် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်၊ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကိုလေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသားအလေ့အကျင့်ကောင်းများ ကိန်းအောင်းလာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရမည် ဖြစ်ကြောင်းနှင့် အနေဖြင့် အနာဂတ်ကာလတွင် နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖော်ဆောင်နိုင်ပြီး အရည်အသွေးပြည့်ဝသည့် ပညာရှင်များကို ဆတက်ထမ်းပိုး တိုးမြှင့်မွေးထုတ်ပေးနိုင်သည့် တက္ကသိုလ်ကြီးအဖြစ် နောက်နှစ်ပေါင်းများစွာတိုင် အောင်မြင်စွာ ရပ်တည်နိုင်ပါစေကြောင်း ပြောကြားသည်။

ထို့နောက် တက္ကသိုလ်၏ (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ် Video Clip ကိုလည်းကောင်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် အမျိုးသားယဉ်ကျေး



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ငွေရတုအထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

မှုတက္ကသိုလ်တို့မှ ကျောင်းသူများ၏ "ငွေရတုမှသည် ထာဝစဉ်တည်" တေးသီချင်း၊ "တူဆင်နွှဲပျော် ငွေရတုပွဲတော်" တေးသီချင်းများဖြင့် ကပြဖျော်ဖြေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က အကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ငွေရတုအထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

စီးပွားထူးချွန်ဆုနှင့် တက္ကသိုလ်ပညာသင်ဆုများကို နိုင်ငံတော်က ပေးအပ်ချီးမြှင့်လျက်ရှိကြောင်း။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးက တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ တက္ကသိုလ် ကျောင်းသားကျောင်းသူဟောင်းများ ပူးပေါင်း၍ အလုပ်အကိုင်အခွင့်အလမ်းပြပွဲများ၊ ဆွေးနွေးပွဲများ၊ သုတေသနပိုစတာပြိုင်ပွဲများ၊ သုတေသန စာတမ်းဖတ်ပွဲများ ချိတ်ဆက်ဆောင်ရွက်နေကြသည်ကိုလည်း သိရှိရသည့်အတွက် နိုင်ငံတော်အတွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူ

မကြာမီကျင်းပမည့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပပြီး ပိုမိုဖွံ့ဖြိုးတိုးတက်သည့် မြန်မာနိုင်ငံ တည်ဆောက်ရေးကို ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**"နိုင်ငံ၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ် ဖြစ်သည်"** ဆိုသည့် ပြဋ္ဌာန်းချက်နှင့်အညီ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုဖြင့် ဈေးကွက်ဖွံ့ဖြိုးရေး၊ ဈေးကွက်သစ်များရရှိရေး၊ ဈေးကွက်ချဲ့ထွင်ရေးကို တိုးချဲ့ဆောင်ရွက်သွားကြရမည် ဖြစ်သည့်အတွက် ရန်ကုန်စီးပွားရေး တက္ကသိုလ် (ရွှာသာကြီးနယ်မြေ)

# မတ္တရာမြို့နယ်၌ ပြည်သူအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး(HPV) အခမဲ့ထိုးနှံပေး

**မတ္တရာ ဒီဇင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၌ ပြည်သူအခြေပြု သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းမှစတင်၍ မြို့နယ်အတွင်းရှိ သတ်မှတ်ထားသော စုရပ်များ၌ ကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိရာ မတ္တရာမြို့ အမှတ်(၅)ရပ်ကွက်ရှိ မြမြင့်မိုရ် သီလရှင်စာသင်တိုက်ရှိ ကျောင်းပြင်ပ မူလတန်း ပညာရေးကျောင်းတွင်လည်း ကာကွယ်ဆေးများ ထိုးနှံပေးသည်။



အဆိုပါသားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး (HPV) ထိုးနှံခြင်းကို မတ္တရာမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်အောင်ကျော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများနှင့် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ မြို့နယ်အတွင်းရှိရပ်ကွက်/ကျေးရွာများ၌ သတ်မှတ်ထားသော စုရပ်များတွင် အသက်(၉)နှစ်မှ(၁၂)နှစ် မကျော်သော အမျိုးသမီးငယ် ၅၆၆ ဦးတို့အား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး (HPV)ကို ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ရွှေရာသား)**

○ *ကျောဖုံးမှ*

စသည့် အားထားရသော ကစားသမားများကို ထည့်သွင်းအသုံးပြုခဲ့သည့်အတွက် အရေးပါသည့် နိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းသည် တိုက်စစ်ကစားသမား ဝစ်ဆာ၏ သွင်းဂိုးကြောင့် ပွဲချိန် ၁၀ မိနစ်တွင် ဦးဆောင်ဂိုးရရှိခဲ့သည်။ ပြိုင်ဘက်ဖူလ်ဟမ်အသင်းကလည်း ချေပဂိုးရရှိရေး ကြိုးပမ်းလာခဲ့ရာ ပွဲချိန် ၁၆ မိနစ်တွင် ရရှိခဲ့ပြီး လူကစ်က သွင်းယူပေးခဲ့သည်။ တစ်ဖက်တစ်ဂိုးစီ သရေကျပြီးနောက် အကြိတ်အနယ်ရှိလာပြီး ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သည်။

ဖူလ်ဟမ်အသင်း၏ တုံ့ပြန်ကစားမှုများမှာ ပွဲအစပိုင်းမိနစ်များတွင် ထိရောက်မှုရှိခဲ့သော်လည်း ပွဲချိန်ကြာလာသည်နှင့်အမျှ ပြိုင်ဘက်အသင်း၏ခံစစ်ကို ကျော်ဖြတ်နိုင်ခြင်း မရှိခဲ့ပေ။ နယူးကာဆယ်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် လူစားဝင်ကစားသမား တိုနယ်လီ၏ ဖန်တီးမှုမှ မိုင်လေက သွင်းယူပေးခဲ့သည်။

အီးအက်ဖ်အယ်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မဲခွဲထုတ်ပြန်လိုက်ပြီဖြစ်ရာ နယူးကာဆယ်က အသင်းကြီး မန်စီးတီးအသင်းနှင့် တွေ့ဆုံနေသည်။ ချယ်ဆီးအသင်းက အာဆင်နယ်နှင့် ခရစ္စတယ်ပဲလေ့စ်အသင်းမှ အနိုင်ရရှိမည့်အသင်းနှင့် တွေ့ဆုံနေသည်။ **အောင်ဇော်**

# ကိန်းဂဏန်းများနောက်ကွယ်က မျက်ကွယ်ပြုခံရတဲ့ အမှန်တရား

အောင်ရှင်း

မြန်မာနိုင်ငံအစိုးရအဆက်ဆက်ဟာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ စဉ်ဆက်မပြတ်တိုက်ဖျက်လျက်ရှိတာကို အားလုံး အသိပဲဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲနောက်ပိုင်းမှာလည်း နိုင်ငံတော်အစိုးရအနေနဲ့ မူးယစ်ဆေးဝါး တားဆီးရေးလုပ်ငန်းတွေကို အင်တိုက်အားတိုက် တစိုက်မတ်မတ် နှိမ်နင်းလျက်ရှိရာမှာ ဘိန်းစိုက်ပျိုးမှုအပါအဝင် မူးယစ်ဆေးဝါးကုန်သွယ်မှုလုပ်ငန်းတွေကို တရားဥပဒေနဲ့အညီ ပြင်းပြင်းထန်ထန်တိုက်ဖျက်လျက် ရှိပါတယ်။

### လှိုင်လင်မြို့နယ်အတွင်းရှိ အမြင့် ၃ ပေခန့်သီးပွင့်ဆဲ ဘိန်းခင်း( ၃၀ )ဧကကို ဖျက်ဆီးမှုမှတ်တမ်း

မဖျက်ဆီးမီပုံ | ဖျက်ဆီးပြီးပုံ



နိုင်ငံတော်အစိုးရရဲ့ဆောင်ရွက်ချက်တွေကို မျက်စိမှိတ်၊ နားပိတ်ပြီး မမြင်ချင်ယောင်၊ မကြားချင်ယောင်ဆောင်ကာ ခိုင်မာမှုမရှိတဲ့ သတင်းအချက်အလက်တွေကို အခြေခံပြီး အချို့နိုင်ငံတကာ အဖွဲ့အစည်းတွေက မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးပြဿနာကို ပုံကြီးချဲ့ စွပ်စွဲလေ့ရှိပါတယ်။ အဲဒီစွပ်စွဲချက်တွေထဲက ဒီဇင်ဘာလ ၃ ရက်နေ့ UNODC က ထုတ်ပြန်တဲ့ အစီရင်ခံစာဟာ အမှန်တရားကို မျက်ကွယ်ပြုပြီး လိုရာပုံဖော်ထားတဲ့ ကိန်းဂဏန်း အချက်အလက်တွေကို အသုံးချကာ နိုင်ငံရေးအရ ဖိအားပေးလိုတဲ့ ရိုးသားမှုမရှိတဲ့ အစီရင်ခံစာ တစ်စောင်ဖြစ်ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (United Nations Office on Drugs and Crime–UNODC) က ထုတ်ပြန်လိုက်တဲ့ ၂၀၂၅ ခုနှစ် မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးမှုစစ်တမ်း (Myanmar Opium Survey 2025) အစီရင်ခံစာမှာ **“စိုက်ပျိုးမှု၊ ထုတ်လုပ်မှုနှင့် သက်ရောက်မှုများ”** ခေါင်းစဉ်နဲ့ မြန်မာနိုင်ငံဟာ ကမ္ဘာ့အကြီးဆုံး ဘိန်းထုတ်လုပ်တဲ့ နိုင်ငံဖြစ်လာတယ်၊ ဘိန်းစိုက်ပျိုးမှုတွေ မြင့်တက်လာတယ်ဆိုပြီး အတည်မပြုနိုင်တဲ့အချက်အလက်တွေကို ကိုးကားကာ အစီရင်ခံစာပုံစံ ရေးသားထားတာကို စိတ်မကောင်းဖြစ်ဖွယ်ရာ တွေ့ရှိရပါတယ်။

အဓိကကတော့ မြန်မာနိုင်ငံဟာ ဒေသတွင်းနဲ့ ဒေသပြင်ပ မူးယစ်ဆေးဝါးဖြန့်ဖြူးမှု တိုးလာတာကို ပုံဖော်ထားပြီး တားဆီးရန်အရေးပေါ်လိုအပ်လျက်ရှိတယ်လို့ ပုံကြီးချဲ့ရေးသားထားပါတယ်။ ဒါပေမယ့် ဒီကိန်းဂဏန်းတွေရဲ့ နောက်ကွယ်က အကြောင်းတရားကိုတော့ နိုင်ငံတကာက တမင်လျစ်လျူရှုထားကြပုံရပါတယ်။ စာရွက်ပေါ်က ကိန်းဂဏန်းတွေကို သာကြည့်ပြီး မြေပြင်ကဇာစ်မြစ်နဲ့ မူးယစ်ဆေးဝါး ထုတ်လုပ်မှုတွေကို တွန်းအားပေးနေတဲ့ လက်သည်တရားခံတွေကိုတော့မမြင်ချင်ယောင်ဆောင်နေတာဟာ ပြဿနာကို ဖြေရှင်းရာမရောက်ပါဘူး။ ဒါကြောင့် ကိန်းဂဏန်းသက်သက်မဟုတ်ဘဲ ပကတိမြေပြင် အခြေအနေမှန်တွေနဲ့ ပူးပေါင်းဖြေရှင်းသင့်တဲ့ နည်းလမ်းမှန်ကို နိုင်ငံတကာကသိရှိနားလည်စေဖို့ ဒီဆောင်းပါးနဲ့ အမှန်တရားကို မီးမောင်းထိုးပြလိုပါတယ်။

**နိုင်ငံရေးကစားကွက်များကြားက မရိုးသားတဲ့ တိုက်ဆိုင်မှုများ**

လက်ရှိကမ္ဘာ့နိုင်ငံရေးဇာတ်ခုံမှာ အမေရိကန် သမ္မတ Donald Trump အစိုးရရဲ့ သဘောထား အပြောင်းအလဲနဲ့အတူ မြန်မာနိုင်ငံရေးအပေါ် ရှုမြင်ပုံတွေဟာ တည်ငြိမ်ရေးနဲ့ ရွေးကောက်ပွဲလမ်းကြောင်းကို ထောက်ခံအားပေးတဲ့ ခြေလှမ်းတွေအဖြစ် စတင်ပြောင်းလဲလာနေပါတယ်။ အထူးသဖြင့် Trump အစိုးရက USAID အကူအညီပိတ်သိမ်းခြင်းဟာ NUG အကြမ်းဖက်အဖွဲ့အတွက် အရေးပါတဲ့ ကူညီထောက်ပံ့မှုတွေကို ရပ်ဆိုင်းသွားစေသလို မြန်မာနိုင်ငံသားတွေ အမေရိကန်နိုင်ငံမှာ ယာယီနေထိုင်ခွင့် (TPS–Temporary Protected Status) ကို ရုပ်သိမ်းလိုက်တာလိုမျိုး မူဝါဒအပြောင်းအလဲဟာ NUG/PDF တို့လို အကြမ်းဖက်လမ်းစဉ်ထက် နိုင်ငံတော်အစိုးရရဲ့ တည်ငြိမ်အေးချမ်းရေးနဲ့ ရွေးကောက်ပွဲလမ်းကြောင်းကို အပြုသဘောဆောင် ရှုမြင်သုံးသပ်လာတဲ့သဘောဖြစ်ပါတယ်။

ဒါပေမယ့် ဒီလိုအပြုသဘောဆောင်လာတဲ့ အချိန်ကိုက်မှာ မြန်မာနိုင်ငံရဲ့ပုံရိပ်ကို ကျဆင်းစေပြီး လက်ရှိနိုင်ငံတော်အစိုးရ အထင်အမြင်လွဲမှားစေမယ့် မူးယစ်ဆေးဝါးအစီရင်ခံစာ တမင်ရည်ရွယ်ချက်ရှိရှိ ထွက်ပေါ်လာတာဟာ တိုက်ဆိုင်မှုတော့ မဖြစ်နိုင်ပါဘူး။ ဒါဟာ နိုင်ငံတကာနဲ့ နိုင်ငံတော်အစိုးရအကြား ပူးပေါင်းဆောင်ရွက်မှုလမ်းစတွေကို ပိတ်ဆို့လိုသူတွေရဲ့ နောက်ကွယ်က နိုင်ငံရေးကစားကွက်တစ်ခု ဖြစ်နေနိုင်ပါတယ်။ အစီရင်ခံစာမှာ နိုင်ငံတော်အစိုးရရဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်နေမှုတွေ၊ ဘိန်းခင်းဖျက်ဆီးနိုင်မှုတွေကို မျက်ကွယ်ပြုထားပြီး ဘိန်းစိုက်ပျိုးမှု တိုးမြင့်လာတာကိုသာ တစ်ဖက်သတ် မီးမောင်းထိုးပြထားတာဟာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးထက် နိုင်ငံရေးအရ ဖိအားပေးလိုခြင်းသာ ဖြစ်တယ်လို့ ယူဆရမှာဖြစ်ပါတယ်။

> **❝ KIA နဲ့ AA အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အကြမ်းဖက်အဖွဲ့အချို့ဟာ ပါးစပ်ကသာ ဒီမိုကရေစီအရေး၊ တိုင်းရင်းသားအရေးလို့ အသံကောင်းဟစ်နေပေမယ့် လက်တွေ့မှာ လူသားမျိုးနွယ်ကို ခြိမ်းခြောက်နေတဲ့ Narco-Terrorists တွေသာ ဖြစ်တာကိုတော့ ငြင်းမရနိုင်ပါဘူး။ ကချင်ပြည်နယ်၊ ရောဝတီမြစ် အရှေ့ဘက်ကမ်းနဲ့ နယ်စပ်တစ်လျှောက်မှာ ဘိန်းစိုက်ပျိုးမှုမြင့်တက်လာတာဟာ KIA က PDF တွေကို လက်နက်တပ်ဆင်ပေးဖို့ ငွေကြေးရှာဖွေမှုရဲ့ ရလဒ်ဖြစ်ပါတယ်။ AA အဖွဲ့ကလည်း ရှမ်းပြည်နယ်ကတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နဲ့ မလေးရှားနိုင်ငံတို့ကို ပို့ဆောင်တဲ့ မူးယစ်ဆေးဝါး ကွန်ရက်ကြီးကို ချုပ်ကိုင်ထားပြီး ဘီလီယံနဲ့ချီတဲ့ အကျိုးအမြတ်တွေနဲ့ အကြမ်းဖက်လုပ်ရပ်တွေ လည်ပတ်နေတာကို ဖမ်းဆီးရမိမှုမှတ်တမ်းတွေကနေ သက်သေပြနေပါတယ် ❞**

**UNODC အစီရင်ခံစာနှင့် မြေပြင်လက်တွေ့အခြေအနေ**

UNODC ရဲ့ ၂၀၂၅ အစီရင်ခံစာမှာ မြန်မာနိုင်ငံရဲ့ ဘိန်းစိုက်ပျိုးမှု ၅၃၁၀၀ ဟက်တာအထိ ရှိလာပြီး ၂၀၂၄ ခုနှစ်ကထက် ၁၇ ရာခိုင်နှုန်း မြင့်တက်လာတယ်လို့ ဖော်ပြထားပါတယ်။ ဒါပေမယ့် ဒီစိုက်ပျိုးမှုတွေ ဘယ်နေရာတွေမှာ တိုးလာသလဲဆိုတာကို မြေပုံပေါ်မှာ သေသေချာချာ ထောက်ကြည့်လိုက်ရင် အဖြေက ရှင်းရှင်းလေးပါပဲ။ နိုင်ငံတော်အစိုးရရဲ့ အုပ်ချုပ်မှုအာဏာ သက်ရောက်တဲ့ တည်ငြိမ်အေးချမ်းတဲ့ ဒေသတွေမှာမဟုတ်ပါဘူး။ တိုင်းရင်းသားလက်နက်ကိုင် သောင်းကျန်းသူတွေ(EAOs)နဲ့ ၂၀၂၁ ခုနှစ်နောက်ပိုင်းမှ ပေါ်ပေါက်လာတဲ့ NUG/PDF အကြမ်းဖက်အဖွဲ့တွေ စိုးမိုးလွှမ်းရှားနေတဲ့ နေရာတွေမှာသာ အဓိကတိုးပွားလာနေတာဖြစ်ပါတယ်။

အထူးသဖြင့် UNODC အစီရင်ခံစာမှာပါတဲ့ မြေပုံကိုကြည့်မယ်ဆိုရင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကချင်ပြည်နယ်နဲ့ အရင်က ဘိန်းစိုက်ပျိုးမှုလုံးဝ မရှိသလောက် နည်းပါးခဲ့တဲ့ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့မှာ စိုက်ပျိုးမှုတွေသိသိသာသာ တိုးလာတာကို တွေ့ရပါလိမ့်မယ်။ ဒါက ဘာကိုပြနေသလဲဆိုတော့ နိုင်ငံရေးမတည်ငြိမ်မှုနဲ့ လက်နက်ကိုင်ပဋိပက္ခတွေကို အခွင့်ကောင်းယူပြီး အကြမ်းဖက်အဖွဲ့အစည်းတွေက ဘိန်းစိုက်ပျိုးမှုအပါအဝင် မူးယစ်ဆေးဝါးကုန်သွယ်မှုကို သူတို့ရဲ့ အဓိက ဝင်ငွေလမ်းကြောင်းအဖြစ် ပြောင်ပြောင်တင်းတင်း အသုံးချနေတဲ့သက်သေတွေ ဖြစ်ပါတယ်။

**NUG/PDF နှင့် EAOs တို့၏ Narco–Terrorism**

နိုင်ငံတကာက ‘ဒီမိုကရေစီအရေးလှုပ်ရှားသူများ’လို့ ခေါင်းစဉ်တပ်ပေးထားတဲ့ NUG/ PDF အကြမ်းဖက်အဖွဲ့တွေက ‘မူးယစ်ဆေးဝါးလုပ်ငန်း’ ကို လက်နက်ဝယ်ယူဖို့ အဓိကငွေကြေး အထောက်အပံ့ အသက်သွေးကြောအဖြစ်အသုံးပြုပြီး အကြမ်းဖက်ယန္တရားကို လည်ပတ်နေကြပါတယ်။ တစ်ချိန်က စိုက်ပျိုးရေးနဲ့ အေးချမ်းခဲ့ဖူးတဲ့ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းမှာ အခုဆိုရင် NUG/ PDF အဖွဲ့တွေက ‘တော်လှန်ရေးရန်ပုံငွေ’ ခေါင်းစဉ်တပ်ပြီး ဒေသခံတွေကို ဘိန်းနဲ့ ဆေးခြောက်တွေ၊ အတင်းအဓမ္မ ခြိမ်းခြောက်စိုက်ပျိုးခိုင်းပြီး အခွန်ကောက်ယူ၊ ထွက်ရှိတဲ့ ဘိန်းတွေကို ရောင်းဝယ်ခြင်းတွေ ပြုလုပ်လာကြပါတယ်။

**ဒီတော့ UNODC အစီရင်ခံစာပါ ဘိန်းစိုက်ပျိုးမှု မြင့်တက်လာတဲ့ ဧရိယာတွေက NUG/ PDF အဖွဲ့တွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အကြမ်းဖက်အဖွဲ့အချို့ အကြမ်းဖက်လှုပ်ရှားနေတဲ့ နယ်မြေတွေနဲ့ တိုက်ဆိုင်နေတာက မတော်တဆမှုတော့ မဟုတ်ပါဘူး။ ဒီအဖွဲ့တွေဟာ နယ်စပ်ဖြတ်ကျော် ဝိသမလောဘသားမူးယစ်ဂိုဏ်းတွေနဲ့ လက်ဝါးချင်းရိုက်ပြီး ရရှိလာတဲ့ငွေမည်းတွေကို လက်နက်ခဲယမ်းတွေအဖြစ် ပြောင်းလဲနေကြတဲ့ Narco–Terrorism လမ်းကြောင်းပေါ် ရောက်ရှိနေပြီဖြစ်တယ် ဆိုတာကို နိုင်ငံတကာအနေနဲ့ မျက်ကွယ်ပြုထားလို့ မရပါဘူး။**

KIA နဲ့ AA အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အကြမ်းဖက်အဖွဲ့အချို့ဟာ ပါးစပ်ကသာ ဒီမိုကရေစီအရေး၊ တိုင်းရင်းသားအရေးလို့ အသံကောင်းဟစ်နေပေမယ့် လက်တွေ့မှာ လူသားမျိုးနွယ်ကို ခြိမ်းခြောက်နေတဲ့ Narco–Terrorists တွေသာဖြစ်တာကိုတော့ ငြင်းမရနိုင်ပါဘူး။ ကချင်ပြည်နယ်၊ ရောဝတီမြစ် အရှေ့ဘက်ကမ်းနဲ့ နယ်စပ်တစ်လျှောက်မှာ ဘိန်းစိုက်ပျိုးမှုမြင့်တက်လာတာဟာ KIA က PDF တွေကို လက်နက်တပ်ဆင်ပေးဖို့ ငွေကြေးရှာဖွေမှုရဲ့ ရလဒ်ဖြစ်ပါတယ်။ AA အဖွဲ့ကလည်း ရှမ်းပြည်နယ်ကတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နဲ့ မလေးရှားနိုင်ငံတို့ကို ပို့ဆောင်တဲ့ မူးယစ်ဆေးဝါး ကွန်ရက်ကြီးကို ချုပ်ကိုင်ထားပြီး ဘီလီယံနဲ့ချီတဲ့အကျိုးအမြတ်တွေနဲ့ အကြမ်းဖက်လုပ်ရပ်တွေ လည်ပတ်နေတာကို ဖမ်းဆီးရမိမှုမှတ်တမ်းတွေကနေ သက်သေပြနေပါတယ်။

**ဒါကြောင့် UNODC အနေနဲ့ ဒီလက်နက်ကိုင် အကြမ်းဖက်အဖွဲ့တွေရဲ့ မူးယစ်ဆေးဝါးနဲ့ နိုင်ငံဖျက်ဆီးနေတာကို မျက်ကွယ်ပြုပြီး နိုင်ငံရေးထိုးနှက်ချက်ပါတဲ့ အစီရင်ခံစာတွေထုတ်ပြန်နေမယ့်အစား ပြဿနာရဲ့ အဓိကတရားခံဖြစ်တဲ့ အကြမ်းဖက်သမားတွေကိုဖော်ထုတ်ပြီး ဓာတုပစ္စည်းတွေ တရားမဝင် ဝင်ရောက်မှု၊ မူးယစ်ဆေးဝါးကုန်သွယ်မှု၊ ငွေကြေးခဝါချမှု၊ လက်နက်ခဲယမ်း မှောင်ခိုရောင်းဝယ်မှုတွေကို နိုင်ငံတော်အစိုးရနဲ့လက်တွဲပြီး ထိရောက်စွာ တိုက်ဖျက်သင့်တယ်လို့ အသိပေး တိုက်တွန်းလိုပါတယ်။**

*စာမျက်နှာ ၇ သို့*

စာမျက်နှာ ၆ မှ

၂၀၂၁-၂၀၂၂ ခုနှစ်မှ ၂၀၂၄-၂၀၂၅ ခုနှစ်အထိ ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းဖျက်ဆီးနိုင်မှု နှိုင်းယှဉ်ချက်

| စဉ် | တိုင်း/ပြည်နယ် | ၂၀၂၁-၂၀၂၂ ၂၈-၁၁-၂၁ မှ ၃-၄-၂၂ | | ၂၀၂၂-၂၀၂၃ ၂၄-၁၀-၂၂ မှ ၂၃-၃-၂၃ | | ၂၀၂၃-၂၀၂၄ ၁၆-၁၁-၂၃ မှ ၂၆-၃-၂၄ | | ၂၀၂၄-၂၀၂၅ ၂၄-၁၁-၂၄ မှ ၄-၄-၂၅ | |
|---|---|---|---|---|---|---|---|---|---|
| | | ဧက | ဟက်တာ | ဧက | ဟက်တာ | ဧက | ဟက်တာ | ဧက | ဟက်တာ |
| ၁ | ရှမ်း(မြောက်) | ၈၃ | ၃၃.၅၉ | ၁၃၁ | ၅၃.၀၁ | | | | |
| ၂ | ရှမ်း(တောင်) | ၃၁၆၆.၈၀ | ၁၂၈၁.၅၈ | ၅၄၀၀.၅ | ၂၁၈၅.၅၅ | ၅၉၁၅ | ၂၃၉၃.၇၇ | ၄၅၇၅.၅ | ၁၈၅၁.၆၈ |
| ၃ | ရှမ်း(ရှေ့) | ၁၃၄.၆၉ | ၅၄.၅၁ | ၁၈၁.၆၅ | ၇၃.၅၁ | ၁၈၄.၅ | ၇၄.၆၆ | ၁၅၉ | ၆၄.၃၄ |
| ၄ | ကချင် | ၄၇ | ၁၉.၀၂ | ၈၀.၅ | ၃၂.၅၈ | ၄၅ | ၁၈.၂၁ | | |
| ၅ | မကွေး | ၃၆ | ၁၄.၅၇ | ၂၁.၂၅ | ၈.၆ | ၃၆.၅ | ၁၄.၇၇ | | |
| ၆ | စစ်ကိုင်း | | | ၁၁ | ၄.၄၅ | | | | |
| စုစုပေါင်း | | ၃၄၆၇.၄၉ | ၁၄၀၃.၂၇ | ၅၈၂၅.၉ | ၂၃၅၇.၇၀ | ၆၁၈၁ | ၂၅၀၁.၄၁ | ၄၇၃၄.၅ | ၁၉၁၆.၀၂ |

၁ ဟက်တာ = ၂.၄၇၁ ဧက

**နိုင်ငံတော်အစိုးရရဲ့ အမျိုးသားရေးတာဝန်အဖြစ် ကြိုးပမ်းမှုများ**

နိုင်ငံတကာရဲ့ ဖိအားတွေ၊ ပိတ်ဆို့မှုတွေကြားကနေ ပြည်ပအကူအညီမပါဘဲနဲ့ ဆင်နွှဲနေရတဲ့ နိုင်ငံတော်အစိုးရရဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစစ်ဆင်ရေးတွေကို UNODC အစီရင်ခံစာက မျက်ကွယ်ပြုထားတာဟာ အံ့ဩဖွယ်ရာဖြစ်ပါတယ်။ ၁၉၇၅ ခုနှစ် မိုးဟိန်းစစ်ဆင်ရေးကနေ ယနေ့အထိ ပေးဆပ်ခဲ့ရတဲ့ သွေးချွေးတွေနဲ့ ၂၀၂၁ ခုနှစ်နောက်ပိုင်း စံချိန်တင်ဖမ်းဆီးရမိမှု ကိန်းဂဏန်းတွေက နိုင်ငံတော်အစိုးရရဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးသန္နိဋ္ဌာန်ကို သက်သေပြနေပါတယ်။

**အထူးသဖြင့် ၂၀၂၅ ခုနှစ်အတွင်း AA အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အကြမ်းဖက်အဖွဲ့အချို့ရဲ့ Narco-Terrorism လုပ်ရပ်တွေကို ဖော်ထုတ်ပြီး ဘီလီယံနဲ့ချီတဲ့ မူးယစ်ဆေးဝါးကွန်ရက်ကြီးကို ဖြိုခွင်းနိုင်ခဲ့တာဟာ နိုင်ငံတော်အစိုးရအနေနဲ့ မူးယစ်ဆေးဝါးရောင်းဝယ်မှုမှာ လုံးဝပါဝင်ပတ်သက်မှုမရှိဘဲ အမျိုးသားဂုဏ်သိက္ခာအတွက် တစိုက်မတ်မတ် တိုက်ဖျက်နေကြောင်း ကမ္ဘာကို အသံတိတ် သက်သေပြနေတာဖြစ်ပါတယ်။**

**ကိန်းဂဏန်းများက သက်သေပြနေတဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစစ်ဆင်ရေး အရှိန်အဟုန်**

နိုင်ငံတော်အစိုးရရဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးသန္နိဋ္ဌာန်ကို ဝေဖန်မှုတွေနဲ့ တိုင်းတာမယ်ဆိုရင်တောင် လက်တွေ့ဖမ်းဆီးရမိမှု မှတ်တမ်းတွေကတော့ အကောင်းဆုံးသက်သေဖြစ်နေပါတယ်။ ၂၀၂၄ ခုနှစ် တစ်နှစ်တာအတွင်းမှာပင် ဘိန်း ၁၃၆၆ ကီလိုကျော်၊ ဘိန်းဖြူ ၂၁၇၈ ကီလိုကျော်၊ စိတ်ကြွဆေးပြားသန်း ၂၄၀ နီးပါး၊ အိုက်စ် ၂၃ တန်ကျော်အပါအဝင် အခြားမူးယစ်ဆေးဝါးတွေနဲ့ ဆက်စပ်ပစ္စည်း စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၁၆၃ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၃၄၉ သန်းကျော်)ကို ဖမ်းဆီးဖျက်ဆီးနိုင်ခဲ့တာဟာ သာမန်ကာလျှံကာ လုပ်ဆောင်ချက်မဟုတ်ပါဘူး။ ဒါ့အပြင် ၂၀၂၅ ခုနှစ် ၁၁ လတာကာလအတွင်းမှာလည်း ဘိန်း ၁၁၄၀ ကီလိုကျော်၊ ဘိန်းဖြူ ၁၇၆၇ ကီလိုကျော်၊ စိတ်ကြွဆေးပြား သန်း ၂၉၀ ကျော်နဲ့ အိုက်စ် ၃၁ တန်ကျော် အပါအဝင် အခြားမူးယစ်ဆေးဝါးတွေနဲ့ ဆက်စပ်ပစ္စည်းစုစုပေါင်း တန်ဖိုးငွေကျပ် ၁၂၅၉ ဘီလီယံကျော် (အမေရိကန် ဒေါ်လာ ၃၇၈ သန်းကျော်)ကို ဖမ်းဆီးနိုင်ခဲ့ပါတယ်။

ဒီကိန်းဂဏန်းတွေက တပ်မတော်နဲ့ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့တို့ရဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စစ်ဆင်ရေးတွေ တစ်နှစ်ထက်တစ်နှစ် ပိုမိုထိရောက်လာတာကို မီးမောင်းထိုးပြနေတာဖြစ်ပါတယ်။ နှစ်စဉ် ဇွန်လ ၂၆ ရက်နေ့မှာ ရန်ကုန်၊ မန္တလေးနဲ့ တောင်ကြီးမြို့ကြီးတွေမှာ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးတွေကို နိုင်ငံတကာစံချိန်စံညွှန်းနဲ့အညီ လူသိရှင်ကြား မီးရှို့ဖျက်ဆီးပြသနေတာကလည်း နိုင်ငံတော်အစိုးရရဲ့ ပွင့်လင်းမြင်သာမှုနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ယုံကြည်ချက်ကို ကမ္ဘာက မြင်သာအောင် သက်သေထူလျက်ရှိပါတယ်။

**“ အိမ်နီးချင်းနိုင်ငံတွေက စီးဝင်လာတဲ့ ဓာတုပစ္စည်းတွေဟာ မူးယစ်ဆေးဝါးထုတ်လုပ်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အကြမ်းဖက်အဖွဲ့ လှုပ်ရှားနယ်မြေဒေသတွေကို ရောက်ရှိသွားပြီး ပြည်ပပညာရှင်တွေရဲ့အကူအညီနဲ့ ဓာတုမူးယစ်ဆေးဝါးအဖြစ် အသွင်ပြောင်းသွားကြတာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတကာအနေနဲ့ မြန်မာနိုင်ငံကနေ ဓာတုမူးယစ်ဆေးဝါးတွေ အများအပြားထွက်နေပါတယ်လို့ ရလဒ်ကိုသာကြည့်ပြီး စွပ်စွဲပြစ်တင်ဝေဖန်နေမယ့်အစား ဒီမူးယစ်ဆေးဝါးတွေဖြစ်လာဖို့ ကုန်ကြမ်းတွေဝင်ရောက်နေတဲ့ လမ်းကြောင်းတွေကို ထိန်းချုပ်ပေးဖို့ လိုအပ် ”**

**၂၀၂၁ ခုနှစ်နောက်ပိုင်း လက်နက်ကိုင်ပဋိပက္ခတွေကြောင့် အကြမ်းဖက်တန်ပြန်နှိမ်နင်းရေး (Counter Terrorism Operation) ကို အလေးထား လုပ်နေရသလို နိုင်ငံတော်အစိုးရနဲ့ မြန်မာ့တပ်မတော်တို့ဟာ လူသားမျိုးနွယ်အပေါ်မှာ အညွန့်တုံးစေမယ့် ဘိန်းခင်းတွေဖျက်ဆီးရေးကို မေ့လျော့ထားခြင်းမရှိဘဲ ‘အမျိုးသားရေးတာဝန်’ တစ်ရပ်အနေနဲ့ခံယူပြီး ကြိုးပမ်းတိုက်ဖျက်လျက်ရှိပါတယ်။** ၂၀၂၁-၂၀၂၂ ခုနှစ်မှ ၂၀၂၄-၂၀၂၅ ခုနှစ်အထိ လေးနှစ်တာ ဘိန်းစိုက်ရာသီကာလအတွင်း ရှမ်း၊ ကချင်၊ ကယား၊ စစ်ကိုင်းနဲ့ မကွေးတိုင်းဒေသကြီးတို့မှာရှိတဲ့ ဘိန်းခင်းဟက်တာပေါင်း ၈၀၀၀ ကျော်ကို လုံခြုံရေးအခက်အခဲတွေကြားက နိုင်ငံတော်အနေနဲ့ အသက်သွေးချွေးပေါင်းများစွာ ရင်းနှီးပေးဆပ်ပြီး ဖျက်ဆီးနိုင်ခဲ့တာကို စာရင်းဇယားတွေက အခိုင်အမာပြသနေပါတယ်။ ၂၀၂၅ ခုနှစ်လိုမျိုး စိန်ခေါ်မှုများပြားတဲ့ကာလမှာလည်း ဘယ်လိုပင်အခက်အခဲရှိပါစေ၊ ဘိန်းခင်းတွေကို အားသွန်ခွန်စိုက် ဆက်လက်ရှင်းလင်းနေတာက လူသားထုရဲ့အနာဂတ်အတွက် နိုင်ငံတော်အစိုးရအနေနဲ့ တာဝန်ကျေပွန်စွာ ထမ်းဆောင်နေတယ်ဆိုတာကို ပြသနေတာပဲ ဖြစ်ပါတယ်။

**ဓာတုပစ္စည်း (Precursors) ပြဿနာ**

နိုင်ငံတကာအနေနဲ့ မြန်မာနိုင်ငံကို ဓာတုမူးယစ်ဆေးဝါး (Synthetic Drugs) ထုတ်လုပ်ရာဗဟိုချက်အဖြစ်ပါ လက်ညှိုးထိုးနေကြပေမယ့် မဖြစ်မနေသိထားရမယ့် ပကတိအမှန်တရားတစ်ခုကိုတော့ မေ့လျော့နေကြပါတယ်။ အဲဒီအချက်ကတော့ စိတ်ကြွဆေးပြား (WY)၊ ICE နဲ့ Ketamine လိုမျိုး မူးယစ်ဆေးဝါးတွေထုတ်လုပ်ဖို့ မရှိမဖြစ်လိုတဲ့ ဓာတုပစ္စည်း(Precursors) တွေကို **‘မြန်မာနိုင်ငံက လုံးဝ(လုံးဝ) ထုတ်လုပ်နိုင်စွမ်းမရှိပါဘူး’**။ လက်တွေ့မြေပြင်မှာ ဒီဓာတုပစ္စည်းတွေဟာ အိမ်နီးချင်းနိုင်ငံကြီးတွေကတစ်ဆင့် တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာတာဖြစ်ပါတယ်။

**အိမ်နီးချင်းနိုင်ငံတွေက စီးဝင်လာတဲ့ ဓာတုပစ္စည်းတွေဟာ မူးယစ်ဆေးဝါးထုတ်လုပ်တဲ့ တိုင်းရင်းသားလက်နက်ကိုင် အကြမ်းဖက်အဖွဲ့ လှုပ်ရှားနယ်မြေဒေသတွေကို ရောက်ရှိသွားပြီး ပြည်ပပညာရှင်တွေရဲ့အကူအညီနဲ့ ဓာတုမူးယစ်ဆေးဝါးအဖြစ် အသွင်ပြောင်းသွားကြတာဖြစ်ပါတယ်။** ဒါကြောင့် နိုင်ငံတကာအနေနဲ့ မြန်မာနိုင်ငံကနေ ဓာတုမူးယစ်ဆေးဝါးတွေ အများအပြား ထွက်နေပါတယ်လို့ ရလဒ်ကိုသာကြည့်ပြီး စွပ်စွဲပြစ်တင်ဝေဖန်နေမယ့်အစား ဒီမူးယစ်ဆေးဝါးတွေဖြစ်လာဖို့ ကုန်ကြမ်းတွေဝင်ရောက်နေတဲ့ လမ်းကြောင်းတွေကို ထိန်းချုပ်ပေးဖို့ လိုအပ်ပါတယ်။

နိုင်ငံတော်အစိုးရတစ်ခုတည်းကသာ အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ နယ်စပ်ဒေသတွေမှာ ပိတ်ဆို့ကြပ်မတ်နေရုံနဲ့ ဒီပြဿနာကို ဖြေရှင်းလို့မရနိုင်ပါဘူး။ ဒီပြဿနာ မြစ်ဖျားခံရာ ဓာတုပစ္စည်းထုတ်လုပ်တဲ့ နိုင်ငံတွေအနေနဲ့ မိမိတို့ပို့ကုန်တွေကို လမ်းကြောင်းလွဲ၍ မရောက်ရှိစေရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ ပူးပေါင်းထိန်းချုပ်နိုင်မှသာ ဒီမူးယစ်စက်ဝန်းကို ဖြတ်တောက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတကာအနေနဲ့ ဓာတုပစ္စည်း (Precursors) တွေကို မူးယစ်ဆေးဝါးထုတ်လုပ်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင် အကြမ်းဖက်အဖွဲ့တွေထံ လမ်းကြောင်းလွဲမရောက်ရှိအောင် နိုင်ငံတော်အစိုးရနဲ့ ဘယ်လိုပူးပေါင်းထိန်းချုပ်ပေးကြမလဲဆိုတဲ့မေးခွန်းကိုသာ ဦးစွာအဖြေရှာသင့်ပါတယ်။

**လက်ညှိုးထိုးသူတို့၏ မျက်ကွယ်ပြုမှုနှင့် အရေးယူပိတ်ဆို့မှုများ(Sanctions)၏ အကျိုးဆက်**

နိုင်ငံတကာအသိုင်းအဝိုင်း အထူးသဖြင့် အနောက်အုပ်စုကနေ မြန်မာနိုင်ငံကို ချမှတ်ထားတဲ့ ‘စီးပွားရေးပိတ်ဆို့မှု (Sanctions)’ တွေက လက်တွေ့မှာ မူးယစ်ဆေးဝါးပြဿနာကို ငြိမ်းသတ်ပေးမယ့်အစား ပိုမိုတောက်လောင်စေတဲ့ လောင်စာဆီဖြစ်နေတာဟာလည်း ခါးသီးတဲ့အမှန်တရား ဖြစ်ပါတယ်။ စီးပွားရေးကျပ်တည်းမှုနဲ့ ဆင်းရဲမွဲတေမှုတို့က ရိုးသားတဲ့တောင်သူတွေကို ဝမ်းစာအတွက် မလွှဲမရှောင်သာ ဘိန်းခင်းတွေဆီသို့ ဦးလှည့်စေခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံတကာက အစားထိုးဖွံ့ဖြိုးရေး (Alternative Development) အကူအညီတွေကို ဖြတ်တောက်လိုက်တာကလည်း တောင်သူတွေကို အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူတွေရဲ့ သားကောင်ဖြစ်စေဖို့ တွန်းပို့လိုက်သလို ဖြစ်နေပါတယ်။

ဒါကြောင့် UNODC လိုအဖွဲ့အစည်းတွေအနေနဲ့ စာရွက်ပေါ်မှာသာ စိုးရိမ်ပူပန်ကြောင်း မှတ်တမ်းတင်ပြီး လက်ညှိုးထိုးအပြစ်တင်နေရုံနဲ့ ဘာမှဖြစ်လာမှာမဟုတ်ပါဘူး။ **နိုင်ငံတစ်နိုင်ငံကို ဝိုင်းပတ်ပိတ်ဆို့တုပ်နှောင်ထားပြီးမှ ‘မင်းတို့ဆီမှာ မူးယစ်ဆေးဝါးကုန်သွယ်မှုတွေ တိုးလာပြီ’ လို့ လက်ညှိုးထိုးစွပ်စွဲနေတာဟာ တရားမျှတမှုကင်းမဲ့ရာကျပါတယ်။** ဒါကြောင့် နိုင်ငံတကာအနေနဲ့ အမှန်တကယ် စိတ်ပူတယ်ဆိုရင် အမှန်တကယ်လိုအပ်နေတဲ့ နည်းပညာနဲ့ ဘဏ္ဍာရေးအထောက်အပံ့တွေကို လက်တွေ့ကျကျပံ့ပိုးပေးမှသာ ဒီမူးယစ်ဆေးပြဿနာကို ဖြေရှင်းနိုင်မှာ ဖြစ်တယ်ဆိုတာကို သတိချပ်စေလိုပါတယ်။

စာမျက်နှာ ၈ သို့

- ❖ **နိုင်ငံတကာရဲ့ ဖိအားတွေ၊ ပိတ်ဆို့မှုတွေကြားကနေ ပြည်ပအကူအညီမပါဘဲနဲ့ ဆင်နွှဲနေရတဲ့ နိုင်ငံတော်အစိုးရရဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစစ်ဆင်ရေးတွေကို UNODC အစီရင်ခံစာက မျက်ကွယ်ပြုထားတာဟာ အံ့ဩဖွယ်ရာဖြစ်ပါတယ်။ ၁၉၇၅ ခုနှစ် မိုးဟိန်းစစ်ဆင်ရေးကနေ ယနေ့အထိ ပေးဆပ်ခဲ့ရတဲ့ သွေးချွေးတွေနဲ့ ၂၀၂၁ ခုနှစ် နောက်ပိုင်း စံချိန်တင်ဖမ်းဆီးရမိမှု ကိန်းဂဏန်းတွေက နိုင်ငံတော်အစိုးရရဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးသန္နိဋ္ဌာန်ကို သက်သေပြနေပါတယ်**
- ❖ **အထူးသဖြင့် ၂၀၂၅ ခုနှစ်အတွင်း AA အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အကြမ်းဖက်အဖွဲ့အချို့ရဲ့ Narco-Terrorism လုပ်ရပ်တွေကို ဖော်ထုတ်ပြီး ဘီလီယံနဲ့ချီတဲ့ မူးယစ်ဆေးဝါးကွန်ရက်ကြီးကို ဖြိုခွင်းနိုင်ခဲ့တာဟာ နိုင်ငံတော်အစိုးရအနေနဲ့ မူးယစ်ဆေးဝါးရောင်းဝယ်မှုမှာ လုံးဝပါဝင်ပတ်သက်မှုမရှိဘဲ အမျိုးသားဂုဏ်သိက္ခာအတွက် တစိုက်မတ်မတ်တိုက်ဖျက်နေကြောင်း ကမ္ဘာကို အသံတိတ်သက်သေပြနေတာဖြစ်ပါတယ်**

မြန်မာ့အလင်း



# ကယားပြည်နယ်အတွင်း နေရပ်စွန့်ခွာ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ပြည်သူများအား စတုတ္ထအကြိမ် ထောက်ပံ့ငွေများပေးအပ် နေအိမ်ထိခိုက်ပျက်စီးခဲ့ရသည့် ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်းဖိုး၊ ဆန်ရိက္ခာဖိုးနှင့် ကယ်ဆယ်ရေးပစ္စည်းများပေးအပ်

**လွိုင်ကော် ဒီဇင်ဘာ ၁၈**

ကယားပြည်နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာခဲ့ရသည့် ဝန်ထမ်းများနှင့် ၎င်း၏မိသားစုဝင်များ၊ ပြည်သူများအတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေမှ စတုတ္ထအကြိမ် ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် နေအိမ်ထိခိုက်ပျက်စီးခဲ့ရသည့် ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။ (ယာပုံ)



**ကူညီဆောင်ရွက်ပေးလျက်ရှိ**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က နေရပ်စွန့်ခွာနေထိုင်လျက်ရှိသည့် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာ သုံးလစာအတွက် စတုတ္ထအကြိမ် ပေးအပ်သည့် ထောက်ပံ့ငွေများကို ပေးအပ်ခြင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဦးစီးဌာနမှ နေအိမ်ထိခိုက်ပျက်စီးခဲ့ရသည့် ပြည်သူများအား အိမ်ဆောက်ပစ္စည်းဖိုး၊ ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေများနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ခြင်းဖြစ်ကြောင်း၊ ပြန်လည်ဝင်ရောက်နေထိုင်သည့် ရပ်ကွက်၊ ကျေးရွာများတွင် သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ခရီးသွားလာရေး၊ ကုန်စည်ပို့ဆောင်ရေးစသည့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိတို့၏ မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်ပညာရေးမှူးရုံးတို့မှ ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ နမ့်ဘော်ဝမ်(က)နှင့် နမ့်ဘော်ဝမ်(ခ) ရပ်ကွက်နေပြည်သူများအတွက် ထောက်ပံ့ငွေများကို လည်းကောင်း၊ နောင်ယား(က)၊ မင်းစုနှင့် ဈေးပိုင်း ရပ်ကွက်တို့မှ နေအိမ်ထိခိုက်ပျက်စီးခဲ့သည့် ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်း၊ ဆန်ရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများကို လည်းကောင်း ပေးအပ်ရာ သက်ဆိုင်ရာကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယင်းနောက် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများသို့ သုံးလစာ ထောက်ပံ့ငွေများ၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ဆန်ရိက္ခာဖိုး၊ ကယ်ဆယ်ရေးပစ္စည်းများကို ပေးအပ်ကြရာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယခု အခမ်းအနားတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ဌာနဆိုင်ရာ ၇၆ ခုမှ ဝန်ထမ်း၂၃၂၅ ဦးနှင့် မိသားစုဝင် ၃၄၃၂ ဦး၊ ပြည်သူ ၁၀၅၄၅ ဦး စုစုပေါင်း ၁၆၃၀၂ ဦးတို့အတွက် ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ သုံးလအတွက် စတုတ္ထအကြိမ် ထောက်ပံ့ငွေကျပ် ၉၇၈ ဒသမ ၁၂၀ သန်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ နေအိမ်ထိခိုက်ပျက်စီးခဲ့သည့် နေအိမ် ၄၈၁ လုံးအတွက် ငွေကျပ် ၇၉ ဒသမ ၇၀ သန်း၊ ဘေးသင့်ပြည်သူ ၁၅၇၉ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၇ ဒသမ ၈ ကျပ်သန်း၊ စုစုပေါင်းငွေကျပ် ၁၀၆၅ ဒသမ ၇၁၅ သန်းနှင့် ကယ်ဆယ်ရေးပစ္စည်း ၃၇၁ စုံအား ပေးအပ်ခဲ့ကြောင်းသိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရန်ကုန်မြို့၌ ဆန်အကြောင်း သိကောင်းစရာပြပွဲ - ၂၀၂၅ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ပံ့ပိုးကူညီပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF)၊ ညီနောင်အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များ၊ အသင်းဝင်ဆန်အရောင်းဆိုင်လုပ်ငန်းများ၊ ဆန်စပါးကုမ္ပဏီများနှင့်အတူ ပူးပေါင်း၍ ဆန်အကြောင်းသိကောင်းစရာပြပွဲ - ၂၀၂၅ (Yangon Rice Showcase–2025) ကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉နာရီမှစတင်ကာ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Melia Hotel (Grand Ballroom) တွင် ပြုလုပ်သွားမည်ဖြစ်သည်။

**ဆက်လက်မျှဝေ လက်ဆင့်ကမ်းပေး**

ပြပွဲတွင်အဓိကအားဖြင့် ပေါ်ဆန်းဆန်များနှင့် အခြားအရည်အသွေးမြင့် ဆန်အမျိုးအစားများ၊ ဆန်အရည်အသွေး အမျိုးမျိုးနှင့် အဆင့်အတန်းများ၊ ကုန်အမှတ်တံဆိပ်အမျိုးမျိုး၊ ဈေးနှုန်းအမျိုးမျိုး၊ ချက်ပြုတ်နည်းများနှင့် အာဟာရတန်ဖိုးများ၊ အိမ်ရှင်မများအား ဆန်အကြောင်း သိကောင်းစရာများကို လက်ဆင့်ကမ်းမျှဝေပေးမည့် သံတမန်များ (Rice Ambassador) များအဖြစ် တာဝန်ပေးခြင်း၊ ရွေးချယ်ထားသော မြို့နယ်များမှ စိစစ်ရွေးချယ်ထားသော အိမ်ရှင်မများ (အသက် ၄၅ နှစ်အောက်) လူငယ်လူလတ်များအား ဆန်အကြောင်း သိကောင်းစရာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်စေပြီး ရွေးချယ်ခံရသူ အိမ်ရှင်မများအား MRF ၏ ဆန်အကြောင်း သိကောင်းစရာများကို လက်ဆင့်ကမ်းမျှဝေပေးမည့်သံတမန်များ (Rice Ambassador)အဖြစ် တာဝန်ပေး ခန့်အပ်ကာ ၎င်းတို့နေထိုင်သော ရပ်ကွက်နှင့် အနီးအနား ပတ်ဝန်းကျင်အသိုက်အဝန်းတွင် မှန်ကန်သော ဆန်အကြောင်း သိကောင်းစရာ ဗဟုသုတ အတွေ့အကြုံများ၊ ဆန်အမျိုးအစားများနှင့် ဈေးနှုန်းများအကြောင်းကို ဆက်လက်မျှဝေ လက်ဆင့်ကမ်းပေးနိုင်ရန် ရည်ရွယ်ထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးပြီး နိုင်ငံအနှံ့တည်ရှိနေသော ဆန်စက်များ၌ ကြိတ်ခွဲထုတ်လုပ် သန့်စင်ထုပ်ပိုးထားသော ဆန်အမျိုးအစားများအကြောင်း၊ အထူးသဖြင့် ယင်းဆန်များ၏ စားသုံးမှု အရည်အသွေး(Eating Quality)၊ ဈေးနှုန်းနှင့် အာဟာရတန်ဖိုးများအကြောင်းကို လည်းကောင်း၊ Cooking Method ချက်နည်းများကြောင့် အရည်အသွေး၊ အရသာပြောင်းလဲမှုအပေါ် သိရှိနားလည်စေရန်အတွက် လည်းကောင်း ဆန်အကြောင်း သိကောင်းစရာများကို စနစ်တကျပြုစုဖြန့်ဝေ ပညာပေးနိုင်ရန် ရည်ရွယ်လျက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ပူးပေါင်း၍ စားသုံးသူ ပညာပေးလုပ်ငန်းအဖြစ် စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

*စာမျက်နှာ ၇ မှ*

**အပြစ်တင်ခြင်းထက် လက်တွေ့ကျသည့် လူသားချင်းစာနာထောက်ထားမှုဆီသို့**

နိုင်ငံတကာအသိုင်းအဝိုင်းက မူးယစ်ဆေးဝါးပြဿနာအပေါ် စိုးရိမ်ပူပန်မှုတွေ ရှိနေချိန်မှာ နိုင်ငံတော်အစိုးရအနေနဲ့ ဘိန်းခင်းတွေကို အင်အားသုံး ဖျက်ဆီးရုံသက်သက်မဟုတ်ဘဲ အစားထိုး ဖွံ့ဖြိုးရေးနှင့် လူသားအရင်းအမြစ် ပြန်လည်ပျိုးထောင်ခြင်းကိုပါ ၂၀၂၁-၂၀၂၆ စီမံချက်တွေနဲ့ အကောင်အထည်ဖော်လျက်ရှိပါတယ်။ ရှမ်း၊ ကချင်၊ ကယားနဲ့ ချင်းပြည်နယ်တို့လို ဒေသတွေနဲ့ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးတို့မှာ ဘိန်းအစားထိုးနှစ်ရှည်သီးနှံ၊ ဆိုလာစွမ်းအင်နဲ့ မွေးမြူရေး နည်းပညာတွေကို အစားထိုးပေးအပ်ပြီး တောင်သူတွေရဲ့ လူနေမှုဘဝကို မြှင့်တင်ပေးလျက်ရှိပါတယ်။

ဒ့ါအပြင် လမ်းမှားရောက်ခဲ့သူတွေအတွက်လည်း နိုင်ငံတစ်ဝန်းရှိ ကုသရေးဌာနကြီး ၂၉ ခု၊ ဌာနငယ် ၅၆ ခုနဲ့ မက်သာဒုံးဆေးခန်းပေါင်း ၁၇၀ ကျော်ဖွင့်ပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေကို အခမဲ့နီးပါး ပေးအပ်နေပါတယ်။ ပြန်လည်ထူထောင်ရေးစခန်းတွေ ဖွင့်လှစ်ပေးပြီး အသက်မွေးဝမ်းကျောင်းပညာရပ်တွေနဲ့ လူ့အသိုင်းအဝိုင်းထဲသို့ ပြန်လည်ဝင်ဆံ့စေလျက်ရှိပါတယ်။ ဒီလုပ်ရပ်တွေက နိုင်ငံတော်ရဲ့ ခိုင်မာတဲ့စိတ်ဓာတ်ကို ပြသနေခြင်းဖြစ်တာကြောင့် နိုင်ငံတကာအဖွဲ့အစည်းတွေအနေနဲ့ အဝေးမှ ဝေဖန်နေမယ့်အစား နည်းပညာနဲ့ ဖွံ့ဖြိုးရေးကဏ္ဍတွေမှာ လက်တွေ့ကျကျ ပူးပေါင်းပါဝင်ပြီး ပိုမိုနီးကပ်စွာ လက်တွဲကူညီကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

**နိုင်ငံတကာသို့ တိုက်တွန်းနှိုးဆော်ချက်**

**နိုင်ငံတကာနဲ့ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံတွေအနေနဲ့ မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းရာမှာ အပြစ်တင်ဝေဖန်နေရုံနဲ့ ခရီးမရောက်နိုင်ဘဲ ‘အမှန်တရားကို ရှုမြင်သုံးသပ်ခြင်း’ ဖြင့်သာ အဖြေရှာနိုင်မှာဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံရေးမတည်ငြိမ်မှုနဲ့အတူ ပေါ်ပေါက်လာတဲ့ NUG/PDF နဲ့ EAOs တို့ရဲ့ Narco–Terrorism (မူးယစ်ဆေးဝါးနှင့် ဆက်စပ်သောအကြမ်းဖက်မှု) လုပ်ရပ်တွေကို မျက်ကွယ်မပြုသင့်တဲ့အပြင် သူတို့ကို ထောက်ပံ့တာဟာလည်း မူးယစ်ဆေးထုတ်လုပ်မှုကို သွယ်ဝိုက်အားပေးရာရောက်ကြောင်း သတိပြုသင့်ပါတယ်။**

ဒ့ါအပြင် ပြည်သူလူထုရဲ့ စားဝတ်နေရေးကို ကျပ်တည်းစေပြီး ဘိန်းစိုက်ပျိုးမှုကို တွန်းအားပေးသကဲ့သို့ဖြစ်စေတဲ့ စီးပွားရေးပိတ်ဆို့မှုတွေကို လျှော့ချကာ အစီရင်ခံစာတွေ ထုတ်ပြန်ခြင်းထက် နည်းပညာနဲ့ သတင်းအချက်အလက်ဖလှယ်ခြင်းလိုမျိုး လက်တွေ့ကျတဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို ဦးစားပေးသင့်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေအနေနဲ့လည်း မူးယစ်ဆေးဝါးထုတ်လုပ်ရာမှာ သုံးတဲ့ ဓာတုပစ္စည်းတွေကို မိမိတို့ဘက်မှ စတင်ထွက်ခွာကတည်းက တင်းတင်းကျပ်ကျပ် ထိန်းချုပ်ပေးကြပါရန် မေတ္တာရပ်ခံလိုပြီး လူသားအားလုံးရဲ့ ‘ဘုံရန်သူ’ ဖြစ်တဲ့ မူးယစ်ဆေးဝါးအန္တရာယ်ကို နိုင်ငံတော်အစိုးရနဲ့ လက်တွဲပြီး ဟန်ချက်ညီညီ တိုက်ဖျက်သွားကြဖို့ မေတ္တာရပ်ခံလိုပါတယ်။

> **“ UNODC လို အဖွဲ့အစည်းတွေအနေနဲ့ စာရွက်ပေါ်မှာသာ စိုးရိမ်ပူပန်ကြောင်း မှတ်တမ်းတင်ပြီး လက်ညှိုးထိုးအပြစ်တင်နေရုံနဲ့ ဘာမှဖြစ်လာမှာမဟုတ်ပါဘူး။ နိုင်ငံတစ်နိုင်ငံကို ဝိုင်းပတ်ပိတ်ဆို့တုပ်နှောင်ထားပြီးမှ ‘မင်းတို့ဆီမှာ မူးယစ်ဆေးဝါး ကုန်သွယ်မှုတွေ တိုးလာပြီ’ လို့ လက်ညှိုးထိုးစွပ်စွဲနေတာဟာ တရားမျှတမှုကင်းမဲ့ရာကျပါတယ်။ ဒါကြောင့် နိုင်ငံတကာအနေနဲ့ အမှန်တကယ် စိတ်ပူတယ်ဆိုရင် အမှန်တကယ်လိုအပ်နေတဲ့ နည်းပညာနဲ့ ဘဏ္ဍာရေးအထောက်အပံ့တွေကို လက်တွေ့ကျကျပံ့ပိုးပေးမှသာ ဒီမူးယစ်ဆေးပြဿနာကို ဖြေရှင်းနိုင်မှာဖြစ်တယ် ဆိုတာကို သတိချပ်စေလိုပါတယ် ”**

**နိုင်ငံတော်အစိုးရအနေနဲ့ မူးယစ်ဆေးဝါးအန္တရာယ်ကို နိုင်ငံတော်ရဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်စေတဲ့ အဓိကရန်သူအဖြစ် သတ်မှတ်ထားပါတယ်။ နိုင်ငံတကာက အကူအညီပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေရဲ့ မူးယစ်ဆေးဝါးကရရှိတဲ့ ငွေကြေးနဲ့ အကြမ်းဖက်မှုတွေကို ပုံဖော်နေတာကို ထိရောက်စွာ ဟန့်တားနိုင်ဖို့၊ ကမ္ဘာ့လူသားထုကို မူးယစ်ဆေးဝါး အန္တရာယ်မှကာကွယ်ဖို့ နိုင်ငံတော်အစိုးရအနေနဲ့ အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ထမ်းဆောင်သွားမှာဖြစ်ပါတယ်။** ဒါပေမယ့် နိုင်ငံတကာအနေနဲ့ နိုင်ငံတော်အစိုးရအပေါ်မှာ နားလည်မှုရှိရှိ၊ ယုံကြည်မှုရှိရှိနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင်တော့ ဒီကမ္ဘာ့ရန်သူဆိုးကို ပိုမိုထိရောက်မြန်ဆန်စွာ တိုက်ဖျက်နိုင်မှာဖြစ်တယ်ဆိုတာကို ကိန်းဂဏန်းများနောက်ကွယ်က မျက်ကွယ်ပြုခံရတဲ့ အမှန်တရားအဖြစ် သတင်းစကားပါးအပ်ပါတယ်။ ။

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

ရွေးကောက်ပွဲကျင်းပရန်

၉

ရက်

သာ လိုတော့သည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် သိပ္ပံပွဲခင်း ကျင်းပနိုင်ရေးနှင့် ဝိဇ္ဇာသိပ္ပံသုတေသနညီလာခံ ကျင်းပနိုင်ရေး တွေ့ဆုံဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၈

**ရန်ကုန်တက္ကသိုလ် သိပ္ပံပွဲခင်း ကျင်းပနိုင်ရေး ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များနှင့်တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တက္ကသိုလ်တွင်ကျင်းပခဲ့သည့် သိပ္ပံပွဲခင်းကို ၂၀၂၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ မကျင်းပနိုင်တော့ပါကြောင်း၊ သိပ္ပံပွဲခင်းကို စည်ကားသိုက်မြိုက်စွာ ပြန်လည်အသက်သွင်းကျင်းပနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဝိဇ္ဇာသိပ္ပံသုတေသနညီလာခံနှင့် သိပ္ပံပွဲခင်းကို စည်ကားသိုက်မြိုက်စေရန် ပေါင်းစပ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဌာနများအနေဖြင့် သိပ္ပံပွဲခင်းကျင်းပရာတွင် ဘာသာရပ်ဆိုင်ရာဌာနများအလိုက် ပါဝင်ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားကြစေလိုပါကြောင်းနှင့် ပြခန်းများကို အကောင်းဆုံးပြသနိုင်ရေး ပြင်ဆင်ထားကြရန် တိုက်တွန်းလိုပါကြောင်း။

IR ဌာနအနေဖြင့် သိပ္ပံပွဲခင်းတွင် နိုင်ငံတကာသံရုံးများနှင့်ချိတ်ဆက်၍ ယဉ်ကျေးမှုဖလှယ်ပွဲများ ပါဝင်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်စေလိုပါကြောင်း၊ ဒေသဆိုင်ရာလေ့လာမှုသုတေသနစင်တာ (Area Studies Research Center) တစ်ခုတည်ထောင်ရန်လိုအပ်ပါကြောင်း၊ ယင်းစင်တာကို တည်ထောင်ခြင်းဖြင့် သိပ္ပံဘာသာရပ်များတွင် သုတေသီများ (researcher) မွေးထုတ်ပေးနိုင်သကဲ့သို့ လူမှုသိပ္ပံနှင့်သက်ဆိုင်သော (area study) တစ်ခုကို လုပ်နိုင်မည့် researcher များကိုလည်း မွေးထုတ်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ Job Ready Skill သင်တန်းများ ဖွင့်လှစ်နိုင်ရေး ဘာသာရပ်ဆိုင်ရာများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိကြစေလိုပါကြောင်း၊ သိပ္ပံပွဲခင်းနှင့် ဝိဇ္ဇာသိပ္ပံသုတေသနညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် ပါမောက္ခ(ဌာနမှူး)များက သိပ္ပံပြပွဲကျင်းပနိုင်ရေးနှင့် သင်တန်းများဖွင့်လှစ်နိုင်ရေး အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တက္ကသိုလ် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင် ဆရာ ဆရာမကြီးများနှင့်တွေ့ဆုံ၍ ဝိဇ္ဇာသိပ္ပံသုတေသနညီလာခံကျင်းပနိုင်ရေး ဆွေးနွေးရာတွင် ဝိဇ္ဇာသိပ္ပံသုတေသနညီလာခံနှင့် သိပ္ပံပွဲခင်းကို ပူးပေါင်းကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ပါမောက္ခ (ဌာနမှူး)များအနေဖြင့် စာတမ်းများ အချိန်မီရရှိနိုင်ရေး တွန်းအားပေးထားရှိစေလိုပါကြောင်း၊ ကျောင်းသားကျောင်းသူများ၏ဖျော်ဖြေတင်ဆက်မှုများကို ဖွင့်ပွဲနှင့် ပိတ်ပွဲများတွင် ထည့်သွင်းသွားရန် စီစဉ်ထားရှိပါကြောင်းနှင့် လိုအပ်သည်များကိုလည်း ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဝိဇ္ဇာသိပ္ပံသုတေသနညီလာခံကျင်းပရေး ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆင်လမ်း(၂)ရေလှောင်တမံနှင့် ပင်တီးရေလှောင်တမံ စီမံကိန်းဆောင်ရွက်ရန် လျာထားနေရာများ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဒီဇင်ဘာ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမိုလ်မိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ် ဆင်ဖြူအင်းကျေးရွာအနီး ဆင်ဖြူချောင်းပေါ်တွင် ဆင်လမ်း(၂) ရေလှောင်တမံနှင့် ပင်တီးကျေးရွာအနီး သဖြိုက်ချောင်းပေါ်ရှိ ပင်တီးရေလှောင်တမံ တည်ဆောက်နိုင်မည့် လျာထားနေရာများကို ကွင်းဆင်းကြည့်ရှုသည်။



ထိုသို့ကြည့်ရှုစဉ် တာဝန်ရှိသူများက ရေလှောင်တမံစီမံကိန်း ဆောင်ရွက်နိုင်မည့် အခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တမံအောက်ခံအုတ်မြစ်ဧရိယာနှင့် ရေဝပ်ဧရိယာများအတွင်းတွင် မြေအောက်ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာမှုများကို အသေးစိတ် ဆက်လက်ဆောင်ရွက်ကြရန်၊ ခန့်မှန်းခြေစာရင်း တွက်ချက်ခြင်းတို့ကို အမြန်ဆုံးပြီးစီးအောင် ဆက်လက်ဆောင်ရွက်ရန်နှင့် နည်းပညာဆိုင်ရာ လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး မြေပြင်တိုင်းတာနေမှု၊ တမံအူကြောင်းနေရာ ရွေးချယ်နေမှု၊ ဘူမိဗေဒစမ်းသပ်လေ့လာဆောင်ရွက်နေမှု၊ အရည်အသွေးကောင်းမွန်သည့် ဖို့မြေအမျိုးအစား စူးစမ်းရှာဖွေဆောင်ရွက်နေမှု၊ စီးဝင်ချောင်းများ၏ ရေစီးရေလာနှင့် ရေသိုလှောင်ရရှိနိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆင်လမ်း(၂) ရေလှောင်တမံစီမံကိန်းနှင့် ပင်တီးရေလှောင်တမံစီမံကိန်း ဆောင်ရွက်ပြီးစီးပါက မြို့သောက်သုံးရေ တိုးချဲ့ပေးဝေနိုင်မည့်အပြင် ချောင်းဘေးဝဲယာတစ်လျှောက်ရှိ စိုက်ပျိုးမြေဧရိယာများအတွက် စိုက်ပျိုး ရေကူ ဖြည့်တင်းပေးဝေနိုင်မည်ဖြစ်သဖြင့် ဒေသဝမ်းစာဖူလုံရေးအတွက် များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရပ်ကွက်ကြီး (၂၁)၊ နောင်ခမ်းကြီး ရပ်ကွက်အနီး ဆင်လမ်းရေလှောင်တမံ ရေပိုလွှဲနှစ်ပေမြှင့်တင်ပြီး ရေပိုမိုသိုလှောင်နိုင်ရန် ဆောင်ရွက်ထားရှိမှု၊ ကန်ရေပြည့်သို လှောင်ထားရှိမှုနှင့် ရေလှောင်တမံကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆင်လမ်းရေလှောင်တမံသည် မူလကန်ရေပြည့် သိုလှောင်ပမာဏသည် ၆၈၄၆ ဧကပေရှိပြီး ယခု သိုလှောင်ပမာဏ ၇၂၁၇ ဧကပေရှိသဖြင့် မူလကန်ရေပြည့် သိုလှောင်ပမာဏထက် ၃၇၁ ဧကပေ ပိုမိုသိုလှောင်ထားသောကြောင့် ရေပိုမိုတိုးချဲ့ပေးဝေနိုင်ရေး အသင့်ရှိနေပြီဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## စိုက်ပျိုးထားသောသီးနှံ(၁၀)မျိုး ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းမရရှိခြင်းအကြောင်း စစ်တမ်းကောက်ယူ

**တံတားဦး ဒီဇင်ဘာ ၁၈**

တံတားဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများသည် တောင်သူများ စိုက်ပျိုးထားသောသီးနှံ(၁၀)မျိုး ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်း မကောင်းရခြင်းအကြောင်း စစ်တမ်းကောက်ယူခြင်းကို ယမန်နေ့က သူငယ်တော်ကျေးရွာ၌ ဆောင်ရွက်ကြသည်။

**ရှင်းလင်းဖြေကြား**

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာသို့ တံတားဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကနေဒီထွန်းက တောင်သူများ စိုက်ပျိုးထားသော သီးနှံ(၁၀)မျိုး ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းမကောင်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တောင်သူများ၏ ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

**ကွင်းဆင်း စစ်တမ်းများကောက်ယူ**

အလားတူ ပြူကန်ကျေးရွာ၊ ငါးဇင်ရိုင်းကျေးရွာ၊ ချောင်းခွကျေးရွာ၊ စကားအင်းကျေးရွာနှင့် နွားခြံကြီးကုန်းကျေးရွာတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ အဖွဲ့ငယ်သုံးဖွဲ့ဖြင့် ကျေးရွာများအရောက် ကွင်းဆင်း၍ စစ်တမ်းများကောက်ယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများဖော်ထုတ်မြှင့်တင်နိုင်ရေး ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုဖိုရမ်(၂၀၂၅)ကျင်းပ

**ဘားအံ ဒီဇင်ဘာ ၁၈**

ကရင်ပြည်နယ်သည် မဟာမဲခေါင်ဒေသခွဲ အရှေ့-အနောက်စီးပွားရေးစင်္ကြံ လမ်းကြောင်းပေါ်တွင် တည်ရှိပြီး သာယာလှပသော တောတောင်ရေမြေ သဘာဝရှုခင်းများ၊ စက်မှုကုန်ကြမ်းနှင့် အဖိုးတန် ဓာတ်သတ္တုများပေါများစွာထွက်ရှိခြင်းတို့ကြောင့် ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း အများအပြားကို ဖော်ထုတ်မြှင့်တင်နိုင်ရန် ကရင်ပြည်နယ် အစိုးရအဖွဲ့နှင့် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီတို့ကဦးဆောင်၍ ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုဖိုရမ် (၂၀၂၅)ကို ယနေ့နံနက် ၈ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကရင်တိုင်းရင်းသား လူငယ်မောင်မယ်များက စည်းလုံးခြင်းသည်အင်အားဟု အဓိပ္ပာယ်ရရှိသော အောဟုအောဟောင် ကရင်တေးသီချင်းအား ကရင်ရိုးရာဒုံးအကဖြင့် သီဆိုကပြဖျော်ဖြေကြပြီး ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးက မင်္ဂလာဖဲကြိုးအား တီးခတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုဖိုရမ် (၂၀၂၅) ၏ အဓိကဦးတည်ချက်ဖြစ်သော Smart Investor , Green Investment; The New Age of Kayin ဟူသည့်ဖော်ပြမှုနှင့်အညီ



ရင်းနှီးမြှုပ်နှံသူများက ဥပဒေကိုလေးစားလိုက်နာ၍ တာဝန်ယူမှု တာဝန်ခံမှုရှိသော သဘာဝပတ်ဝန်းကျင်အား ရေရှည်စဉ်ဆက်မပြတ်ထိန်းသိမ်းသော၊ လူမှုပတ်ဝန်းကျင်၏ တိုးတက်ဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကရင်ပြည်နယ်အတွင်း လာရောက်ဆောင်ရွက်ခြင်းဖြင့် အနာဂတ်များအား အတူလက်တွဲလျှောက်လှမ်းသွားကြရန် ဖိတ်ခေါ်ပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ကရင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ဖိုရမ်ဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးကြသော ကုမ္ပဏီများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ချီးမြှင့်ပေးအပ်ကာ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက ကရင်ပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှု အလားအလာ၊ လိုလားမှု၊ စိန်ခေါ်မှုနှင့် ရရှိနိုင်မည့်အခွင့်အရေးများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုဆိုင်ရာသဘာဝအလှဓာတ်ပုံပြခန်း၊ ဒေသထွက် စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်နှင့်တွင်းထွက်ပစ္စည်းပြခန်းများ၊ ဒေသတွင်း ထုတ်လုပ်သည့် လယ်ယာသုံး စက်ကိရိယာ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုဖိုရမ် (၂၀၂၅) သို့တက်ရောက်လာသော ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စိုက်ပျိုးမွေးမြူရေးအခြေပြု စက်မှုကဏ္ဍကိုလည်းကောင်း၊ စက်မှု၊ ဝန်ဆောင်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး လုပ်ငန်းများအား ချိတ်ဆက်ခြင်းကိုလည်းကောင်း ဆွေးနွေးကြပြီး လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များမှတာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးကာ ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ပဲခူးမြို့ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရေးနှင့် ပဲခူးမြစ်ကမ်းနားတစ်လျှောက် သန့်ရှင်းသာယာလှပစေရေး တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပဲခူး ဒီဇင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့မွန်းလွဲပိုင်းက ပဲခူးမြို့ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရေးနှင့် ပဲခူးမြစ်ကမ်းနားတစ်လျှောက် သန့်ရှင်းသာယာလှပစေရေး တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့မဈေးအနီး၊ ပဲခူးတံတား အထက်ဘက်ခြမ်းနှင့် အောက်ဘက်ခြမ်း ဝဲယာ၌ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် Bored Pile အခြေပြု ကျောက်/ကွန်ကရစ် မြေထိန်းနံရံ တည်ဆောက်နေမှုနှင့် ဇိုင်းဂနိုင်းမြောက်ပိုင်းပန်းခြံ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရေကြီးရေလျှံမှုမဖြစ်စေရေးနှင့် ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပဲခူးမြို့အတွင်းသို့ ဝင်ရောက်နိုင်သည့် အနိမ့်ပိုင်းမှ ချောင်းများကိုလည်း ရေတံခါး တပ်ဆင်နိုင်ရေး ကွင်းဆင်းတိုင်းတာတွက်ချက် တင်ပြရန်၊ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး၊ တည်ဆောက်ရေးလုပ်ငန်းစဉ် တစ်ခုချင်းစီတိုင်းကို တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ဆောင်ရွက်ရန်၊ ဇိုင်းဂနိုင်းမြောက်ပိုင်း ပန်းခြံကိုလည်း တစ်ပြိုင်တည်း ဆက်လက်ဆောင်ရွက်ရန်နှင့် ပဲခူးမြစ်အတွင်း ရေကြောင်း ရှင်းလင်းခြင်းများ ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိပြည်ထောင်စုဖွား တိုင်းရင်းသားများအချင်းချင်း ပူးပေါင်းချစ်ကြည်ရင်းနှီးမှုရရှိစေရန် ရည်ရွယ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ ကရင်တိုင်းရင်းသားများ ဦးဆောင်ကျင်းပသော ကရင်သက္ကရာဇ် ၂၇၆၅ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ဖွင့်ပွဲကို ယနေ့ ညနေ ၅ နာရီက ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ချမ်းသာကြီးကျောင်း ဆရာတော် ဦးသုန္ဒရ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ကက်သလစ်ဘုန်းတော်ကြီးတို့က ကရင်အမျိုးသား နှစ်သစ်ကူးနေ့မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကရင်တိုင်းရင်းသား ခေါင်းဆောင်ကြီးများနှင့် ကရင်တိုင်းရင်းသား ကိုယ်စားလှယ်တော်ကြီးများက တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနပြခန်း၊ ကရင်ရိုးရာယဉ်ကျေးမှုပြခန်းနှင့် တိုင်းရင်းသား စာအုပ်စာပေများကို ကြည့်ရှုအားပေးကြပြီး တိုင်းရင်းသား တိုင်းရင်းသူများ၊ ဈေးဆိုင်ရောင်းချနေသော ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ ဈေးဆိုင်ခန်းများသို့ လာရောက်ကြည့်ရှုဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် ကရင်အမျိုးသား နှစ်သစ်ကူးနေ့တွင် တိုင်းရင်းသား တိုင်းရင်းသူများက ကရင်ဒုံးယိမ်းအက၊ တပင်တိုင်အကအပါအဝင် တိုင်းရင်းသားအကအလှများဖြင့် သီဆိုကပြဖျော်ဖြေလျက်ရှိရာ ဒေသခံပြည်သူများ အများအပြား လာရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# အိမ်ခြံမြေအခြေခံပညာသင်တန်း (အခမဲ့) ဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ အိမ်ခြံမြေအခြေခံပညာသင်တန်း(အခမဲ့)၊ အမှတ်စဉ် ၅၃/၂၀၂၅ ကို ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်း Central Hotel ၌ ဒီဇင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်များတွင် မြန်မာနိုင်ငံအိမ်ခြံမြေ ဝန်ဆောင်မှုအသင်းဗဟိုဥက္ကဋ္ဌ ဦးခင်မောင်သန်း ဦးဆောင်၍ အိမ်ခြံမြေနှင့်စပ်လျဉ်းသည့်ဥပဒေများ၊ အိမ်ခြံမြေလုပ်ငန်းအတွက် လိုအပ်သည့်ဥပဒေ၊ စည်းမျဉ်း၊ လက်တွေ့ကျွမ်းကျင်မှု စသည့် အကျိုးဆောင်ကောင်းတစ်ယောက် သိသင့်သိထိုက်သည့် ဘာသာရပ်များကို သင်ကြားပို့ချခဲ့ရာ သင်တန်းသားသင်တန်းသူဦးရေ ၃၀၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

ကော့ကရိတ်မြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းကို ဒီဇင်ဘာ ၁၈ ရက်တွင် မြို့ပေါ်ရပ်ကွက်များသို့ ခရိုင်မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံမြို့နယ်ရဲတပ်ဖွဲ့၊ သစ်တောဦးစီးဌာန၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာမြို့ပေါ်ရှိ MSME စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ မိမိတို့ဌာနများအလိုက် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည့်အခြေအနေများကို ရှင်းလင်းပြောကြား

**မုံရွာ ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်ရှိ MSME စီးပွားရေးလုပ်ငန်းရှင်များ၊ ကိုယ်ပိုင်ကျောင်းများ၊ ပုဂ္ဂလိကဆေးရုံများ၊ စက်သုံးဆီဆိုင်များ၊ ဆန်၊ ဆီကုန်သည်ကြီးများအသင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




တွေ့ဆုံပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် ကျော်သူရ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံရွာမြို့ပေါ်ရှိ MSME စီးပွားရေးလုပ်ငန်းရှင်များ၊ ကိုယ်ပိုင်ကျောင်းများ၊ ပုဂ္ဂလိကဆေးရုံများ၊ စက်သုံးဆီဆိုင်များ၊ ဆန်၊ ဆီကုန်သည်ကြီးများအသင်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများအနေဖြင့် မုံရွာမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများဖြင့် MSME လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသူများက မိမိတို့ လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် ပူးပေါင်းဆောင်ရွက်ပေးရန်နှင့် ပံ့ပိုးဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက မိမိတို့ဌာနများအလိုက် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြား၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ချင်းတွင်းခန်းမအနီး ကျင်းပသည့် မုံရွာမြို့ပေါ်ရှိ ဝန်ထမ်းများနှင့် ပြည်သူများ MSME ထုတ်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်ဆောင်ရွက်သည့် တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများမှထွက်ရှိသည့် ကုန်ပစ္စည်းများ၊ လူသုံးကုန်များ၊ အစားအသောက်များ၊ အဝတ်အထည်များနှင့် ဒေသထွက်ကုန်များ ပြပွဲနှင့်ဈေးရောင်းပွဲသို့ ရောက်ရှိရာ ပြခန်းများကို လိုက်လံကြည့်ရှုပြီး လာရောက်ပြသရောင်းချကြသည့် MSME လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆို



**နေပြည်တော် ဒီဇင်ဘာ ၁၈**

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ ကျင်းပသည်။

ဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက **“မွေးမြူ ဆေးကု၊ တိုင်းပြည်ပြု”**ဆိုသည့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ ဆောင်ပုဒ်နှင့်အညီ နိုင်ငံ၏စားရေရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေး၊ မွေးမြူရေးလုပ်ငန်းများ အခြေခံသည့် ပို့ကုန်ကဏ္ဍမြှင့်တင်ရေး စသည့်ကဏ္ဍများတွင် အရေးပါသော လူ့စွမ်းအားအရင်းအမြစ်ကောင်းများအဖြစ် စွမ်းဆောင်နိုင်ကြစေရေး ကြိုးပမ်းအားထုတ်သွားကြစေလိုကြောင်း၊ တိုးတက်ပြောင်းလဲလာလျက်ရှိသည့် အသစ်အသစ်သော နည်းပညာများကို မျက်ခြည်မပြတ် လေ့လာမှုနှင့်အတူ မွေးမြူရေးကဏ္ဍအတွက် အကျိုးရှိစေမည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ပြီး ရလဒ်ကောင်းများ ရှာဖွေဖော်ထုတ်ပေးနိုင်ရေးနှင့် ပိုမိုကောင်းမွန်သော အနာဂတ်ကိုပုံဖော်ဖန်တီးနိုင်ကြသူများဖြစ်စေရေး ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူများက “တို့များနှလုံးအိမ်” တေးသီချင်းဖြင့် လည်းကောင်း၊ တတိယနှစ် တိရစ္ဆာန်ဆေးပညာဘွဲ့ ကျောင်းသူ တစ်ဦးက “လက်ရည်တစ်ပြင်တည်း” တေးသီချင်းဖြင့်လည်းကောင်း သီဆိုဖျော်ဖြေကြပြီး မောင်မယ်သစ်လွင် ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆရာ ဆရာမများ၊ တိရစ္ဆာန်ဆေးပညာဘွဲ့ မောင်မယ်သစ်လွင် ၁၆၉ ဦးနှင့် မွေးမြူရေးပညာဘွဲ့ မောင်မယ်သစ်လွင် ၇၉ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌအား အရှေ့တောင်အာရှစာပေဆု ချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ထိုင်းနိုင်ငံအခြေစိုက် အရှေ့တောင်အာရှ စာပေဆုရွေးချယ်ရေးကော်မတီ (The S.E.A Write Award Organising Committee) က ၂၀၂၅ ခုနှစ်အတွက် အရှေ့တောင်အာရှ စာပေဆုရရှိသူ (The S.E.A Write Awardees) များအဖြစ် ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)အပါအဝင် အရှေ့တောင်အာရှ နိုင်ငံခုနစ်နိုင်ငံမှ စာရေးဆရာ၊ ကဗျာဆရာများ စာရင်းကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ရာ ဆုပေးပွဲအခမ်းအနားကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ထိုင်းဘုရင့်နန်းတော်၌ ဒီဇင်ဘာ ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ကျင်းပသည်။



ဆုပေးပွဲ အခမ်းအနားသို့ ထိုင်းဘုရင့်သမီးတော် Sirivan-navari Nariratana Rajakanya တက်ရောက်၍ မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့မှ ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်သည်။

ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)အနေဖြင့် ၂၀၂၃ ခုနှစ်က အမျိုးသားစာပေဆု ရရှိခဲ့သော အမေ့အပြုံးနှင့် အဖေ့မျက်ရည် စာအုပ်အတွက် ထပ်ဆင့်ဂုဏ်ပြုဆုချီးမြှင့်ခံရခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး YMBA အသင်းမှ သွေးလှူဒါန်းခြင်းနှင့် ရွှေကောက်ပွဲအထောက်အကူပြု စာအုပ်များလှူဒါန်းပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၈**

၂၀၂၅ ခုနှစ်အထွေထွေရွေးကောက်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး YMBA အသင်းမှ အသင်းသားများ စုပေါင်း သွေးလှူဒါန်းခြင်းနှင့် တက္ကသိုလ် ခုနစ်ခုသို့ ရွေးကောက်ပွဲ အထောက်အကူပြုစာအုပ်များ လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ နေရာများ၌ ကျင်းပသည်။

ဦးစွာ YMBA အသင်းဝင် အသင်းသား ၁၀၅ ဦးတို့က မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်း သွေးလှူဒါန်းကြပြီး သွေးလှူဘဏ်မှ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက်မန္တလေးတိုင်းဒေသကြီး YMBA အသင်းဥက္ကဋ္ဌ ဦးကြည်စိန်နှင့် တွဲဖက်အတွင်းရေးမှူး ဦးကျော်ကျော်ဝေတို့က မန္တလေးတက္ကသိုလ် URC အစည်းအဝေးခန်းမ၌ ရွေးကောက်ပွဲ အထောက်အကူပြုစာအုပ်များကို ပေးအပ်လှူဒါန်းကြရာ မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာရီရီချိုနှင့် ဒုတိယပါမောက္ခချုပ် ဒေါက်တာ မေသွယ်အေးတို့က လက်ခံရယူကြပြီး မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မာရီက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**မိုး/ဇလ**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၊ မဲရုံနေရာများအား သွားရောက်ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၁၈**
တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲကို ယနေ့တွင် အဆိုပါ မြို့နယ် နယ်မြေခံတပ်ရင်း အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများနှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ မဲစာရင်းများမှန်ကန်မှုရှိစေရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ နိုင်ငံသားအခွင့်အရေး ဆုံးရှုံးမှုမရှိစေရေးနှင့် ပြည်သူများအားလုံးပါဝင်၍ အေးချမ်းလုံခြုံလွတ်လပ်စွာ မဲပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူ အသီးသီးက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကော့သောင်းမြို့နယ်အတွင်း မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ ထိန်းသိမ်းထားရှိသည့်နေရာနှင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် ထားရှိမည့်လျာထားမဲရုံနေရာများအား သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ်မြောက် အာဆီယံ-အမေရိကန် ပင်လယ်ရေကြောင်းဆိုင်ရာလေ့ကျင့်ခန်းသို့ တက်ရောက်ခဲ့သော တပ်မတော်(ရေ)မှ စစ်ရေယာဉ်(ကျန်စစ်သား) ပြန်လည်ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**
အင်ဒိုနီးရှားနိုင်ငံ ဘာတန်မြို့၌ ဒီဇင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ ကျင်းပပြုလုပ်ခဲ့သော ဒုတိယအကြိမ်မြောက် အာဆီယံ-အမေရိကန် ပင်လယ်ရေကြောင်းဆိုင်ရာ လေ့ကျင့်ခန်း (2nd ASEAN-US Maritime Exercise - 2nd AUMX) သို့ တက်ရောက်ခဲ့သည့် တပ်မတော်(ရေ)မှ ဗိုလ်မှူးကြီး ခွန်အောင်ကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များ ပါဝင်သည့် စစ်ရေယာဉ် (ကျန်စစ်သား) သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ တပ်မတော်(ရေ)မှအရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုတို့က ကြိုဆိုနှုတ်ဆက်ကြသည်။



ဒုတိယအကြိမ် အာဆီယံ-အမေရိကန် ပင်လယ်ရေကြောင်းဆိုင်ရာလေ့ကျင့်ခန်းသို့ တက်ရောက်ရန်အတွက် စစ်ရေယာဉ် (ကျန်စစ်သား)သည် ဒီဇင်ဘာ ၃ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှစတင်ထွက်ခွာခဲ့ရာ အင်ဒိုနီးရှားနိုင်ငံ ဘာတန်မြို့သို့ ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ရောက်ရှိခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ ဘာတန်မြို့သို့ရောက်ရှိစဉ် ဒီဇင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ အဖွဲ့ခေါင်းဆောင်နှင့်အဖွဲ့ဝင်များသည် လေ့ကျင့်ခန်းဆိုင်ရာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း၊ လေ့ကျင့်ခန်းအမျိုးအစားအလိုက် ပင်လယ်ပြင်လက်တွေ့လေ့ကျင့်မှုများအတွက် အကြိုညှိနှိုင်းခြင်း၊ Table Top Exercise ပြုလုပ်ခြင်း၊ ကျွမ်းကျင်သူများ အတွေ့အကြုံဖလှယ်မှုများ ပြုလုပ်ခြင်း (Subject Matter Expert Exchange)၊ ပျော်ရွှင်ဖွယ် အားကစားပြိုင်ပွဲ (Fun Game) များသို့ ပါဝင်ယှဉ်ပြိုင်ကစားခြင်း၊ ညစာစားပွဲ အခမ်းအနားများသို့ တက်ရောက်ခြင်းနှင့် အင်ဒိုနီးရှားနိုင်ငံ ဘာတန်မြို့တွင်း လေ့လာရေးခရီးစဉ်သွားရောက်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

စစ်ရေယာဉ် (ကျန်စစ်သား) သည် ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ဘာတန်မြို့မှ လေ့ကျင့်ခန်းဧရိယာသို့ထွက်ခွာခဲ့ပြီး ဒီဇင်ဘာ ၁၃ ရက်အထိ အာဆီယံ-အမေရိကန် ပင်လယ်ရေကြောင်းဆိုင်ရာ ပင်လယ်ပြင်လေ့ကျင့်ခန်းများကို အင်ဒိုနီးရှားနိုင်ငံ ဘာတန်ကျွန်းအရှေ့မြောက်ရေပြင်တွင် ဆောင်ရွက်ခဲ့သည်။ လေ့ကျင့်ခန်းဧရိယာအတွင်း စစ်ရေယာဉ်များ ပုံပြုမောင်းနှင်မှု လေ့ကျင့်ခန်း၊ အလံတင်ပြမှု လေ့ကျင့်ခန်း၊ ပျက်စီးထိန်းလေ့ကျင့်ခန်း၊ မီးအချက်ပြမှုလေ့ကျင့်ခန်း၊ အရေးကြီးရေယာဉ်ကာကွယ်မှု ပုံပြုလေ့ကျင့်ခန်း၊ ရှာဖွေကယ်ဆယ်ရေးနှင့် ကယ်တင်ကုသမှုလေ့ကျင့်ခြင်း၊ ဝေဟင်ဓာတ်ပုံရိုက်ကူးခြင်း၊ ပြန်လည်ဆွေးနွေးခြင်းနှင့် စစ်ရေယာဉ်များ အပြန်အလှန်နှုတ်ဆက်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ဒုတိယအကြိမ်မြောက် အာဆီယံ-အမေရိကန် ပင်လယ်ရေကြောင်းဆိုင်ရာလေ့ကျင့်ခန်း (2nd AUMX) အား မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်၊ ဘရူနိုင်းနှင့် အမေရိကန်နိုင်ငံတို့မှ စစ်ရေယာဉ် ရှစ်စင်း၊ ရဟတ်ယာဉ် တစ်စင်းတို့ စေလွှတ်ပါဝင်ခဲ့ကြပြီး ကျန်အာဆီယံလေးနိုင်ငံက လေ့လာသူ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

ဒုတိယ အကြိမ်မြောက် အာဆီယံ-အမေရိကန် ပင်လယ်ရေကြောင်းဆိုင်ရာလေ့ကျင့်ခန်း (2nd AUMX) သို့ တက်ရောက်ခဲ့သည့် စစ်ရေယာဉ်(ကျန်စစ်သား)၏ ရန်ကုန်-အင်ဒိုနီးရှား-ရန်ကုန် ခရီးစဉ်သည် စုစုပေါင်းရေမိုင် ၂၇၀၀ ခန့်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အောင်လံမြို့၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

**အောင်လံ ဒီဇင်ဘာ ၁၈**
မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထု အားကစားလ ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့က အောင်လံမြို့ အောင်မြေရွှေဝါဘောလုံးကွင်း၌ ကျင်းပသည်။

အဆိုပါ ဒီဇင်ဘာလူထု အားကစားလ ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၆ ရက်မှ ဒီဇင်ဘာ ၁၇ ရက်အထိ ပြိုင်ပွဲဝင်အသင်း ငါးသင်း ယှဉ်ပြိုင်ခဲ့ပြီး ဗိုလ်လုပွဲတွင် Aung Lan Soccer အသင်းက Phoung Phoung အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



ထို့နောက် ပထမဆုရရှိသော Aung Lan Soccer အသင်းအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေက တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများကို လည်းကောင်း၊ ဒုတိယဆုရရှိသော Phoung Phoung အသင်းအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးဖြိုးဝေဇော်က တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# သမဝါယမကဏ္ဍမှ ကုန်ထုတ်လုပ်မှုတိုးမြှင့်စိုက်ပျိုးထုတ်လုပ်နိုင်ရေး အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**
သမဝါယမကဏ္ဍမှ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက် ရရှိနိုင်ရေးနှင့် အသင်းသားတောင်သူများ လိုအပ်သော သွင်းအားစု၊ မျိုးများကို ပံ့ပိုးနိုင်ရေးနှင့် တိုးမြှင့်စိုက်ပျိုးထုတ်လုပ်နိုင်ရေး အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၌ ကျင်းပရာ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းစုချုပ်များမှ တာဝန်ရှိသူများ တက်ရောက်သည်။



အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ်က စီမံကိန်းသီးနှံ စပါး၊ ဝါ၊ မြေပဲ၊ နေကြာ စသည့် သီးနှံများကို ရာသီအလိုက် ပန်းတိုင်ရည်မှန်းချက်ရရှိစေရန်နှင့် ပံ့ပိုးထားရှိသော ပံ့ပိုးငွေများကို သီးနှံရာသီအလိုက် ပြန်လည် လည်ပတ်နိုင်ရန်အတွက် စနစ်တကျ ပြန်လည်ကောက်ခံနိုင်ရေး၊ ဆုံးရှုံးမှုမရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန်၊ ဆန်စက်၊ ဆီစက်များ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးနှင့် စပါးဝယ်ယူကြိတ်ခွဲထုတ်လုပ်ရောင်းချမှုများကို ဆောင်ရွက်သည့်အခါ ဈေးနှုန်းတည်ငြိမ်မှုရရှိအောင် ပေါင်းစပ်ဆောင်ရွက်နိုင်ရေး၊ သမဝါယမအရောင်းဆိုင်များကို ထိုက်သင့်သောရောင်းဝယ်ဖောက်ကားမှုများ ဆောင်ရွက်နိုင်ရေး ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




# လဲရင်ပြန်ထ ဆက်လျှောက်ကြ စာအုပ်ဖြန့်ချိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

စာရေးသူ ဒေါက်တာတင်ထွန်းဦး ရေးသားပြုစုထားသည့် လဲရင်ပြန်ထ ဆက်လျှောက်ကြစာအုပ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းစာအုပ်တွင် စိတ်ခွန်အားဖြစ်စေမည့် အကြောင်းအရာ စာစုလေးများဖြစ်သည့် လဲရင်ပြန်ထ လူ့ဘဝ၊ ပစ္စုပ္ပန်ကိုသာ အဓိကအာရုံစိုက်ပါ၊ အကောင်းမြင်စိတ်ထားပါ၊ ဖွဲလုံ့လ ဝီရိယရှိကြစေချင်၊ အသုံးနဲ့ အဖြုန်းကို ခွဲခြား၊ ပေါင်းသင်းဆက်ဆံကြတဲ့အခါ၊ လောဘကြီးခြင်းကို ဆင်ခြင်ပါ၊ ခွင့်လွှတ်နိုင်သမျှ ခွင့်လွှတ်ပါ၊ ဥပေက္ခာပြုတတ်ဖို့လည်း လိုအပ်၊ ကျဆုံးမှုများမှ အောင်မြင်ခြင်းသို့၊ ကြောက်စိတ်ကို ဖယ်ရှားနိုင်၊ ယုံကြည်စိတ်နဲ့ ရင်ဆိုင်ပါ၊ ပျော်ရွှင်ခြင်းအတွက် အဓိကလိုအပ်ချက်စသည့် ခေါင်းစဉ်အပုဒ် ၃၀ ဖြင့် လဲရင် ပြန်ထပြီးနောက် ဆက်လျှောက်နိုင်ဖို့ ကျရှုံးရာမှ ပြန်လည်ရှင်သန်နိုးထပြီး အောင်မြင်မှုပန်းတိုင်သို့ လျှောက်လှမ်းကြဖို့ ထားရှိရမယ့် စိတ်ခွန်အားနဲ့ ကျင့်သုံးသင့်သည့် နည်းလမ်းကောင်းများကို ရေးဖွဲ့ထားသည်။




အဆိုပါစာအုပ်ကို စွယ်စုံစာပေ ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ က ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် တစ်နိုင်ငံလုံးရှိ စာအုပ် ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။ မြန်မာ့အလင်း

မွန်ပြည်နယ် ဘီးလင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဒို့အတူတူ မဲပေးကြမယ် ရွေးကောက်ပွဲလှုံ့ဆော်မှု ဆိုင်းဘုတ်စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယမန်နေ့က မြို့နယ်အတွင်းရှိ လူစည်ကားရာနေရာများ၌ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝဿန်ဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



## သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ကွင်းဆင်းထိုးနှံ

**မြင်းခြံ ဒီဇင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ လူထုအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး (HPV)ကို ကွင်းဆင်း၍ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနဒုတိယဦးစီးမှူး ဒေါက်တာဇင်မာသန်းထွန်း ဦးဆောင်၍ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲထွန်းလင်း၊ ခရိုင်/ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့က ပူးပေါင်းကာ အမှတ် (၁၁) ရပ်ကွက် ဓမ္မာရုံ၌ အသက် ကိုးနှစ်ပြည့်ပြီး ၁၂ နှစ် မကျော်သော မိန်းကလေး ၄၀ တို့အား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံပေးကြပြီး ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအနေဖြင့် ကျန်ရှိနေသေးသည့် သီလရှင်ကျောင်းများသို့လည်း သွားရောက်ထိုးနှံ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ချစ်ဦးနွေ(မြင်းခြံ)

# မသန်စွမ်းသက်ကြီးသင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (ရန်ကုန်)တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွင်း အမှတ်စဉ်(၃)၊ (၃) လသင်တန်းများဖြစ်သော ဆံသသင်တန်း၊ စက်ချုပ်သင်တန်း၊ ကွန်ပျူတာသင်တန်းနှင့် တံဆိပ်ရိုက်သင်တန်းများကို ၂၉.၁၂.၂၀၂၅ ရက်မှ ၂၆.၃.၂၀၂၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

**သတ်မှတ်ချက်များ**

၁။ ကိုယ်အင်္ဂါမသန်စွမ်းသူ ဖြစ်ရမည်။
၂။ အသက်(၁၈) နှစ်မှ (၄၅) နှစ်အတွင်းရှိသူဖြစ်ရမည်။
၃။ နေ့စဉ်တစ်ကိုယ်ရည်လုပ်ငန်းဆောင်တာများအား ဆောင်ရွက်နိုင်သူဖြစ်ရမည်။
၄။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။
၅။ သင်တန်းကာလပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။
၆။ ပညာအရည်အချင်းသည် အောက်ပါအတိုင်းဖြစ်ရမည်-

| | | | |
|---|---|---|---|
| (က) | ကွန်ပျူတာသင်တန်း | - | အထက်တန်း |
| (ခ) | ဆံသသင်တန်း | - | မူလတန်း |
| (ဂ) | စက်ချုပ်သင်တန်း | - | မူလတန်း |
| (ဃ) | တံဆိပ်ရိုက်သင်တန်း | - | မူလတန်း |

**သင်တန်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ မှတ်ပုံတင်မိတ္တူ
၂။ အိမ်ထောင်စုဇယားမိတ္တူ
၃။ ပတ်စ်ပို့ဓာတ်ပုံ (၂) ပုံ
၄။ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ အမှန်တစ်ကယ်နေထိုင်ကြောင်း ထောက်ခံချက်မူရင်း
၅။ ကျန်းမာရေးနှင့်ပတ်သက်သော ဆေးမှတ်တမ်းများနှင့် သောက်သုံးနေရသည့် ဆေးဝါးများ ယူဆောင်လာရန်

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊လူမှုဝန်ထမ်းဦးစီးဌာန၊ အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်း၊ လူမှုဝန်ထမ်းအတတ်သင် သိပ္ပံကျောင်းဝင်းအတွင်းရှိ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင် တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

သင်တန်းတက်ရောက်ခွင့်ရသူများသည် သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း စားသောက်နေထိုင်ရေး၊ သင်ထောက်ကူပစ္စည်းများနှင့် နယ်မှလာရောက်သော သင်တန်းသား၊ သင်တန်းသူများအတွက် ရန်ကုန်မြို့သို့လာသော အသွားအပြန်ခရီးစရိတ်များကို နိုင်ငံတော်မှ စီစဉ်ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ ဖုန်းနံပါတ်- ၀၆၇-၄၀၄၂၅၂ နှင့် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (ရန်ကုန်)ဖုန်းနံပါတ် ၀၁-၉၆၆၁၇၁၂၊ ၀၉-၄၄၈၀၃၅၀၈၀၊ ၀၉-၉၇၂၆၆၁၈၄၀ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**



စလင်းမြို့နယ်၌ မဲရုံများနှင့်မဲရုံပတ်ဝန်းကျင် မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၁၅ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းဗိုလ်ဦးဆောင်မှုဖြင့် ဒုတိယမြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းလင်းစံ ဦးဆောင်သောမီးသတ်တပ်ဖွဲ့ဝင်များသည် မြို့ပေါ် (၈)ရပ်ကွက်ရှိ မဲရုံများနှင့် မဲရုံပတ်ဝန်းကျင် မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးစဉ်။ မောင်လွင်(စလင်း)

ရွှေတောင်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းဆိုင်များ၌ Thiamethoxam နှင့် Clothianidin ပိုးသတ်ဆေးများလက်ဝယ်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ သုံးစွဲခြင်းများလုံးဝမပြုလုပ်စေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ဝင်းထွန်းနှင့် ခရိုင်ဦးစီးမှူး ဦးအောင်စိုးမိုး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးစဉ်။ ကိုကိုမင်း(ပြန်/ဆက်)





ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲရုံဖွင့်လှစ်ဆောင်ရွက်မည့် စာသင်ကျောင်းများတွင် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းများကို အင်းစိန်မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဇင်လတ် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက စနစ်တကျမီးငြိမ်းသတ်ရမည့် နည်းလမ်းများအား လေ့ကျင့်ခြင်းများ ဆောင်ရွက်စဉ်။

ထွန်းလင်းကျော်(ပြန်/ဆက်)

# လိုင်စင်ရစက်မှုလုပ်ငန်းများတွင် လုပ်ကိုင်နေသည့် နိုင်ငံခြားသားလုပ်သားများအပေါ် အခွန်ကောက်ခံမှု ဆော်ဒီ ပယ်ဖျက်

ရီယာ့ဒ် ဒီဇင်ဘာ ၁၈

**ဆော်ဒီအာရေဗျနိုင်ငံသည် လိုင်စင်ရစက်မှုလုပ်ငန်းများတွင် လုပ်ကိုင်နေသည့် နိုင်ငံခြားသားလုပ်သားများကို အခွန်ကောက်ခံမှုတရားဝင်ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း ဆော်ဒီသတင်းအေဂျင်စီက ဒီဇင်ဘာ ၁၇ ရက်တွင် ဖော်ပြခဲ့သည်။**

စက်မှုကဏ္ဍ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းကို ထောက်ပံ့ပေးရန် ရည်ရွယ်၍ ယခုလို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟုဖော်ပြထားသည်။ အဆိုပါဆုံးဖြတ်ချက်သည် စက်မှုလုပ်ငန်းကို အစိုးရက ဆက်လက်ပံ့ပိုးပေးမှုနှင့် ကမ္ဘာ့ဈေးကွက်တွင် လောင်စာဆီ မဟုတ်သည့် တင်ပို့ကုန်များကို တိုးချဲ့ရန် အထောက်အကူဖြစ်စေလိမ့်မည်ဟု စက်မှုနှင့်သတ္တုတွင်း အရင်းအမြစ်ဝန်ကြီး ဘန်ဒါ အယ်ခို ရာယိဖ်က ပြောသည်။

နိုင်ငံခြားသားများအပေါ် ယာယီအားဖြင့် အခွန်ကင်းလွတ်ခွင့်ကို ၂၀၁၉ခုနှစ် က စတင်မိတ်ဆက်ခဲ့ပြီးနောက် စက်မှုလုပ်ငန်းအရေအတွက်မှာ ၈၈၂၂ မှ ၁၂၀၀၀ အထိ တိုးတက်လာခဲ့ပြီး စက်မှုလုပ်ငန်း ဂျီဒီပီမှာလည်း အမေရိကန်ဒေါ်လာ ၈၅ ဒသမ ၉ ဘီလီယံအထိ တိုးတက်လာခဲ့သည်ဟု ၎င်းက ဆက်ပြောသည်။ နိုင်ငံခြားသား ဝန်ထမ်းတစ်ဦးချင်းစီအတွက် စီးပွားရေးလုပ်ငန်းများမှ ပေးဆောင်ရသည့် အခွန်စည်းကြပ်မှုမှာ ဆော်ဒီနိုင်ငံသားများကို လုပ်ငန်းများတွင် ပိုမိုအလုပ်ခန့်ထားစေရန်နှင့် ရေနံမဟုတ်သည့်လုပ်ငန်းမှ အခွန်ငွေပိုမိုရရှိစေရန် ရည်ရွယ်၍ ကျင့်သုံးခဲ့ခြင်းဖြစ်သည်။

သို့သော်လည်း ယင်းသို့ လုပ်ဆောင်ခြင်းမှာ ပုဂ္ဂလိက စက်မှုလုပ်ငန်းကဏ္ဍကို ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်။ ယခုလို နိုင်ငံခြားသားများအပေါ် အခွန်ကောက်ခံမှုပယ်ဖျက်လိုက်ခြင်းသည် ကမ္ဘာ့စက်မှုလုပ်ငန်း၏ ဗဟိုချက်ဖြစ်လာစေရန် ဆော်ဒီ၏ ရည်မှန်းချက်နှင့်ကိုက်ညီပြီး ၂၀၃၅ ခုနှစ်အရောက်တွင် ဂျီဒီပီကို သုံးဆတိုးစေရန်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆင်ဟွာ





# ပန်းဈေးကွက်ကောင်းချိန် ပန်းတင်ပို့မှု တိုးမြင့်လာရန် ကင်ညာနိုင်ငံက မျှော်မှန်းထား

**နိုင်ရိုဘီ ဒီဇင်ဘာ ၁၈**

၂၀၂၅ ခုနှစ်အတွင်း ကင်ညာနိုင်ငံ၏ ပန်းတင်ပို့မှုမှာ ဈေးကွက်ကွဲပြားမှုဖြစ်ပွားနေချိန် ပန်းတန်ချိန် ၂၈၀၀၀၀ ခန့်ရရှိရန် ခန့်မှန်းထားပြီး ၂၀၂၄ ခုနှစ်က ပန်းပို့ကုန်တန်ချိန် ၂၆၀၀၀၀ ထက် တိုးမြင့်လာရန် ခန့်မှန်းထားကြောင်း စက်မှုလုပ်ငန်းအသင်းက ဒီဇင်ဘာ ၁၈ ရက်တွင် ပြောကြားသည်။

ယခုနှစ်အတွင်း အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး) နှင့် တရုတ်နိုင်ငံတို့ကဲ့သို့သော ဈေးကွက်ရောင်းချမှုကို တိုးချဲ့ခဲ့ကြောင်း ကင်ညာနိုင်ငံပန်းကောင်စီ၏ အမှုဆောင်အရာရှိချုပ် ကလီမန့်တူလီဇီက မြို့တော် နိုင်ရိုဘီ၌ သတင်းထောက်များအား ပြောကြားသည်။

၎င်းတို့သည် မိမိတို့၏ အစဉ်အလာဈေးကွက်ဖြစ်သည့် ဥရောပသမဂ္ဂကို ကျော်လွန်၍ နောက်ထပ်ဈေးကွက်များ ရှာဖွေနေကြောင်း တူလီဇီက ပြောကြားသည်။

ပန်းကဏ္ဍသည် ကင်ညာနိုင်ငံ၏ နိုင်ငံခြားငွေရရှိသည့် အရင်းအမြစ်များထဲမှ တစ်ခုဖြစ်ပြီး ယင်းနောက် နိုင်ငံခြားငွေလွှဲပို့ခြင်း၊ ခရီးသွားလုပ်ငန်း၊ လက်ဖက်နှင့် ကော်ဖီ ကဏ္ဍတို့ဖြစ်ကြောင်း ကင်ညာ အမျိုးသားစာရင်းအင်းဗျူရိုက ထုတ်ပြန်ထားသည်။

ကင်ညာနိုင်ငံ၌ ယခုနှစ်အတွင်း ပန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသူသစ် ၂၀ ကျော် ရှိပြီး ပန်းစိုက်ပျိုးမှုဧရိယာ စုစုပေါင်း ဟက်တာ ၅၃၀၀ ခန့် တိုးချဲ့ခဲ့သည်။

ဆင်ဟွာ

# ယခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ၌ ဆန်စပါး မက်ထရစ်တန် ၄၄၇၀၀၀ ထွက်ရှိ

**ကဘူးလ် ဒီဇင်ဘာ ၁၈**

အာဖဂန်နစ္စတန်နိုင်ငံသည် လက်ရှိ ပါရှန်ပြက္ခဒိန်နှစ် ၁၄၀၄ ခုနှစ်အတွင်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု စုစုပေါင်းမှာ မက်ထရစ်တန် ၄၄၇၀၀၀ ရှိရာ ထုတ်လုပ်မှုမှာ သိသိသာသာတိုးလာကြောင်း အမျိုးသားစာရင်းအင်းနှင့် သတင်းအချက်အလက်အာဏာပိုင်အဖွဲ့ (အင်န်အက်စ်အိုင်အေ) က ထုတ်ပြန်ထားသည်။

အဆိုပါအရေအတွက်မှာ ပြီးခဲ့သည့်နှစ်ကာလတူနှင့် နှိုင်းယှဉ်ကြည့်ပါက ၂ ရာခိုင်နှုန်းတိုးလာပြီး နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍအတွင်း တည်ငြိမ်မှုကို ထင်ဟပ်စေကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ စပါးကို ပြည်နယ် ၁၈ ခု၌ စိုက်ပျိုးမြေဟက်တာ ၁၃၅၀၀၀ ခန့် စိုက်ပျိုးခဲ့ရာ စပါးစိုက်ပျိုးမှုဧရိယာမှာ ၄ ဒသမ ၆ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း အင်န်အက်စ်အိုင်အေက ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ယခုနှစ် ဆန်စပါးထုတ်လုပ်မှုတိုးလာသော်လည်း နိုင်ငံ၏လိုအပ်ချက်ဖြစ်သည့် နှစ်စဉ်မက်ထရစ်တန်ချိန် ၇၂၀၀၀၀ ခန့်ကို မပြည့်မီသေးဟု ဆိုသည်။

ထို့ကြောင့် အာဖဂန်နစ္စတန်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများထံမှ ဆန်စပါးတင်သွင်းမှုအပေါ် မှီခိုနေရကြောင်း ဖော်ပြထားသည်။

ဆင်ဟွာ



# ဘရာဇီးနိုင်ငံ ဆော်ပိုလို၌ ဆိုင်ကလုန်းမုန်တိုင်းကြောင့် လူခုနစ်ဦးသေဆုံး

**ဆော်ပိုလို ဒီဇင်ဘာ ၁၈**



ဘရာဇီးနိုင်ငံ ဆော်ပိုလိုပြည်နယ်၌ အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ပြီးနောက် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးခြင်းများဖြစ်ပွားပြီး လူခုနစ်ဦးခန့်သေဆုံးကာ ပျောက်ဆုံးနေသူများလည်းရှိကြောင်း နိုင်ငံ၏အရပ်ဘက်ကာကွယ်ရေးဌာနက ဒီဇင်ဘာ ၁၇ ရက်တွင် ပြောကြားလိုက်သည်။

နောက်ဆုံး ဖြစ်ပွားခဲ့သော မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် ရေကြီးမှုများသည် ဂါရယ်ဟော့စ်မြို့တော်ဧရိယာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒီဇင်ဘာ ၁၆ ရက်ကဖြစ်ပွားခဲ့သော ယင်းဖြစ်စဉ်ကြောင့် ယာဉ်မောင်းတစ်ဦး ကားနှင့်အတူ ရေစီးထဲမျောပါ ပျောက်ဆုံးခဲ့သည်။ မီးသတ်တပ်ဖွဲ့ဝင်များသည် ကယ်ဆယ်ရှာဖွေရေးများကို ဒီဇင်ဘာ ၁၇ ရက်က ပြုလုပ်ခဲ့သည်။ ဒီဇင်ဘာ ၁၀ ရက်နေ့ကတည်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် မြေပြိုခြင်း၊ နံရံပြိုကျခြင်း၊ သစ်ပင်များပြိုလဲခြင်း၊ မိုးကြိုးပစ်ခြင်းများဖြစ်ပွားခဲ့သည်ဟု အရပ်ဘက်ကာကွယ်ရေးဌာန တာဝန်ရှိသူများက ပြောကြားလိုက်ပြီး ပြည်သူများကို ရေကြီးမှုဖြစ်ပွားသောနေရာများကို ရှောင်ရှားရန် သတိပေးတိုက်တွန်းထားသည်။

ဆင်ဟွာ

# ဆိုင်ကလုန်းမုန်တိုင်း ဒီဝါ ဖြစ်ပွားပြီးနောက် သီရိလင်္ကာအစိုးရက ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေ ထပ်မံထုတ်ပေးမည်

**ကိုလံဘို ဒီဇင်ဘာ ၁၈**

သီရိလင်္ကာအစိုးရသည် ဆိုင်ကလုန်းမုန်တိုင်း ဒီဝါ ဖြစ်ပွားပြီးနောက် နောက်ဆက်တွဲ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံတန်ကြေးရှိ အပိုဘဏ္ဍာခန့်မှန်းချက်ကို ဒီဇင်ဘာ ၁၈ ရက်တွင် လွှတ်တော်သို့ တင်ပြမည်ဖြစ်သည်။

အဆိုပါငွေကြေးများကို မုန်တိုင်းဒဏ်ခံဒေသခံများအတွက် လျော်ကြေးငွေများ ထောက်ပံ့ရန်၊ အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရန်နှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုသွားမည်ဟု အလုပ်သမား၊ ဘဏ္ဍာရေးနှင့် စီမံကိန်းလုပ်ငန်းမှ အကြီးအကဲဖြစ်သူ အနေးလ်ဂျာယန်သာ ဖာနန်ဒိုက ပြောသည်။

ဆိုင်ကလုန်းမုန်တိုင်း ဒီဝါကြောင့် နိုင်ငံအတွင်းပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများ ထိခိုက်စေခဲ့ပြီး အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်ရန် ပြည်တွင်းပြည်ပမှ ထောက်ပံ့ကူညီမှုများ ရှာဖွေခဲ့ရသည်။

မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် အကဲဖြတ်မှုများမှာ ပြီးစီးလုနီးနီးဖြစ်ပြီး တွေ့ရှိချက်များကို လာမည့်ရက်အနည်းငယ်အတွင်း အများပြည်သူသို့ အသိပေးကြေညာသွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆင်ဟွာ



မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားကျူးလွန်ရာတွင်အသုံးပြုသည့်ပစ္စည်းများ မီးရှို့ဖျက်ဆီးနေမှုကို တွေ့ရစဉ်။




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေအပိုင်း(၃) မှ အဆောက်အအုံများအား ဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၂ လုံး ထပ်မံဖြိုချဖျက်ဆီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား မီးရှို့ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင်သုံးထပ်အဆောက်အအုံ နှစ်လုံး၊ နှစ်ထပ်အဆောက်အအုံ ကိုးလုံးနှင့် တစ်ထပ်အဆောက်အအုံ တစ်လုံး စုစုပေါင်းတရားမဝင် အဆောက်အအုံ ၁၂ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၄၇၈ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင် ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှ စတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း တရားမဝင် လေးထပ်အဆောက်အအုံ နှစ်လုံး၊ သုံးထပ်အဆောက်အအုံ သုံးလုံး၊ နှစ်ထပ်အဆောက်အအုံ ငါးလုံးနှင့် တစ်ထပ်အဆောက်အအုံ ခုနစ်လုံး စုစုပေါင်းတရားမဝင် အဆောက်အအုံ ၁၇ လုံးကို ထပ်မံစစ်ဆေးနိုင်ခဲ့သည်။

ယင်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား ထပ်မံ၍ အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။



တရားမဝင်နိုင်ငံခြားသားများ ခိုအောင်းနေထိုင်နိုင်သည့် အဆောက်အအုံအား ရှင်းလင်းနေမှုကို တွေ့ရစဉ်။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် နှစ်ထပ်လူနေအဆောက်အအုံ။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမျိုးသမီးတစ်ဦးကို ပြည့်တန်ဆာအဖြစ် ခိုင်းစေကာ ရရှိသောငွေကြေး အကျိုးအမြတ်အား ခေါင်းပုံဖြတ် ရယူဆောင်ရွက်ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ဆကာကြီးကျေးရွာနေ မသူဇာနှင်းအောင်သည် တစ်ရွာတည်းနေ မ----- ၁၈/၂၀၂၅ ခုနှစ်အား ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံတွင် အလုပ်လုပ်ကိုင်ပါက ပို့ဆောင်ပေးမည်ဟု စည်းရုံးပြောဆိုပြီး ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်နေ မညိမ်းညိမ်းသန့် ဆိုသူထံ ပို့ဆောင်ခဲ့ကြောင်း၊ မညိမ်းညိမ်းသန့်မှ တစ်ဆင့် မြဝတီမြို့နေ ဂျာကြီးဦးရိုး(ခ) ချစ်မင်းသော်ထံ ရောင်းစားခဲ့ရာ ဂျာကြီးဦးရိုး(ခ) ချစ်မင်းသော်က ယောကျ်ားများနှင့် လိင်ပိုင်းဆိုင်ရာကိစ္စများ အဓမ္မခိုင်းစေခြင်းခံခဲ့ရပြီး ရရှိသောငွေကြေးအကျိုးအမြတ်များအား ရယူခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ စိတ်(ဖျာပုံ)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ဓနုဖြူမြို့နယ် ဆကာကြီးနယ်မြေရဲစခန်း (ပ)၁၁/၂၀၂၅၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၃၈(က)ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် မအူပင်ခရိုင် တရားရုံးမှ တရားခံ မသူဇာနှင်းအောင်နှင့် ဂျာကြီးဦးရိုး(ခ) ချစ်မင်းသော်တို့နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မညိမ်းညိမ်းသန့်အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ ထုတ်ဆင့်အတည်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

အိမ်ပြင်ပဋ္ဌထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် မြို့မဈေးအတွင်း၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးခြင်းကို ဒီဇင်ဘာ ၁၈ ရက်တွင် မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများ၊ ဈေးသူ ဈေးသားများအား မြို့နယ်မီးသတ်ဦးစီးဌာန တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ် သရုပ်ပြစဉ်။

မြို့နယ် (ပြန်/ဆက်)



## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်၊ ငွေတံဆိပ်ဆုများရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအား ဂုဏ်ပြုကြိုဆို

**ရန်ကုန် ဒီဇင်ဘာ ၁၈**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်၊ ငွေတံဆိပ် ဆွတ်ခူးခဲ့သည့် ဘိလိယက်နှင့်စနူကာ မြန်မာအားကစားအဖွဲ့သည် ယနေ့နံနက်တွင် ထိုင်းနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်နှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၏ မိဘဆွေမျိုး မိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပန်းစည်းများဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

အဆိုပါ မြန်မာအားကစားအဖွဲ့တွင် ဘိလိယက်နှင့်စနူကာ အားကစားနည်းမှ ဘိလိယက် အမျိုးသားအသင်းလိုက် ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့ကြသော ပေါက်စ၊အောင်ငွေး၊နေသွေးဦးနှင့် ဘိလိယက် တစ်ဦးချင်းပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ဆုရရှိခဲ့သည့် ပေါက်စတို့ ပြန်လည်လိုက်ပါလာကြသည်။



အောင်ပွဲရ မြန်မာအားကစားအဖွဲ့များအား ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်က ဘိလိယက်နှင့်စနူကာ အားကစားနည်းမှ ဘိလိယက် အမျိုးသားအသင်းလိုက် ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သော ပေါက်စ၊ အောင်ငွေး၊ နေသွေးဦး တို့ကို တစ်ဦးလျှင် ဘတ်ငွေ ၅၀၀၀ နှုန်းဖြင့် စုစုပေါင်းဘတ်ငွေ ၁၅၀၀၀ အား ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ဦးစွာ ဒုတိယဝန်ကြီး ဦးထိန်လင်းသည် မြန်မာအားကစားအသင်းမှ အုပ်ချုပ်မှုအဖွဲ့ဝင်များနှင့်အတူ နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ချွန်ဘူရီမြို့ရှိ The Royal Thai Navy Rowing and Canoeing Training Center, Rayong ၌ ကျင်းပလျက်ရှိသည့် ရိုးရာလှေ အားကစားနည်း နဂါးလှေလှော် Men Small Boad မီတာ ၂၀၀၊ Women Small Boad မီတာ ၂၀၀ နှင့် Mixed Standard Boad မီတာ ၂၀၀ ပြိုင်ပွဲများတွင် မြန်မာအသင်းမှ အားကစားသမားများ၏ ယှဉ်ပြိုင်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။



ထို့အတူ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် မြန်မာအားကစား အဖွဲ့ခေါင်းဆောင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အုပ်ချုပ်မှု အဖွဲ့ဝင်များနှင့်အတူ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Nakhonpathom Sports Center Bangkok ၌ အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းမှ ဇင်မင်းဦး၊ အောင်မျိုးကျော်၊ သန့်ဇင်ထွန်း၊ ဇော်မင်းခန့်၊ ရှိန်းဝဏ္ဏဇော်နှင့် ရန်ပိုင်ဦးတို့အတွဲနှင့် လာအိုအသင်းမှ အားကစားသမားများ၏ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ အမျိုးသမီးလေးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာအသင်းမှ အားကစားသမား ဖြူဖြူသန်း၊ ဖူးဖူး၊ နေခြည်နွေး၊ ယမုံဇင်၊ ခင်နှင်းဝေ၊ ချယ်ရီလင်းသစ်တို့ အတွဲနှင့် ဗီယက်နမ်အသင်းမှ အားကစားသမားတို့၏ ယှဉ်ပြိုင်နေမှုများကိုလည်းကောင်း၊ အမျိုးသားလေးယောက်တွဲ ဗိုလ်လုပွဲ ပြိုင်ပွဲတွင် မြန်မာအသင်းမှ ဇင်မင်းဦး၊ အောင်မျိုးကျော်၊ သန့်ဇင်ထွန်း၊ ဇော်မင်းခန့်၊ ရှိန်းဝဏ္ဏဇော်နှင့် ရန်ပိုင်ဦးတို့အတွဲနှင့် ဗီယက်နမ်အသင်းမှ အားကစားသမားများ၏ ယှဉ်ပြိုင်နေမှုကို လည်းကောင်း သွားရောက်ကြည့်ရှုအားပေးသည်။

မြန်မာ အသင်းအနေဖြင့် ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ခရစ်ကက်အားကစားနည်း အမျိုးသမီး T20i အကြိုဗိုလ်လုပွဲပြိုင်ပွဲ၊ ကဘာဒီအားကစားနည်း အမျိုးသား Three Stars အုပ်စုပွဲစဉ်နှင့် ဗိုလ်လုပွဲပြိုင်ပွဲများ၊ ဘော်လီဘော အမျိုးသားပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း အားကစားနည်း အမျိုးသား၊ အမျိုးသမီးလေးယောက်တွဲ အုပ်စုပွဲစဉ်နှင့် အကြိုဗိုလ်လုပွဲပြိုင်ပွဲများ၊ စားပွဲတင်တင်းနစ် အမျိုးသား တစ်ဦးချင်း အုပ်စုပွဲစဉ်ပြိုင်ပွဲ၊ ရိုးရာလှေအားကစားနည်း နဂါးလှေလှော် Men Small Boad မီတာ ၂၀၀၊ Women Small Boad မီတာ ၂၀၀ နှင့် Mixed Standard Boad မီတာ ၂၀၀ ပြိုင်ပွဲများ၊ နပန်းအားကစားနည်း Women's Freestyle – 50 Kg၊ – 53 Kg နှင့် – 57 Kg အုပ်စုပတ်လည်ပြိုင်ပွဲများ၊ ရွက်လှေအားကစားနည်း အမျိုးသား + အမျိုးသမီး SSL47 နောက်ဆုံးအဆင့် အုပ်စုပွဲစဉ် ပြိုင်ပွဲများတွင် အသီးသီးဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ရိုးရာလှေ အားကစားနည်း နဂါးလှေလှော် Men Small Boad မီတာ ၂၀၀ ပြိုင်ပွဲတွင် မြန်မာအသင်းမှ တင်ကိုကို၊ ပြည့်စုံအောင်၊ ယုယမောင်၊ ထွန်းထွန်းလင်း၊ စောနိုင်လင်းကျော်၊ ဝေယံဦး၊ ကျော်စွာဝင်း၊ စောကောင်းကောင်းစံ၊ ဇော်ဇော်ထွန်း၊ စောအယ်ထီးဂေါ်၊ ထွန်းသက်ဇော်၊ ထန်လျှန်းကျင့်၊ စိုင်းမင်းမော်နှင့် ထက်ဝေဖြိုးတို့အတွဲက ကြေးတံဆိပ်တစ်ခု၊ အမျိုးသား+အမျိုးသမီး Mixed Standard Boad မီတာ ၂၀၀ ပြိုင်ပွဲတွင် မြန်မာအသင်းမှ တင်ကိုကို၊ ပြည့်စုံအောင်၊ ယုယမောင်၊ ထွန်းထွန်းလင်း၊ ဝေယံဦး၊ ကျော်စွာဝင်း၊ စောကောင်းကောင်းစံ၊ ဇော်ဇော်ထွန်း၊ စောအယ်ထီးဂေါ်၊ ထွန်းသက်ဇော်၊ ထန်လျှန်းကျင့်၊ စိုင်းမင်းမော်၊ ထက်ဝေဖြိုး၊ လှလှထွေး၊ ဝင်းဝင်းထွေး၊ စိုးစိုးကျော်၊ စန်းစန်းမိုး၊ သီတာဦး၊ မာန်ဟွဲ့ဖောင်၊ ဖြူဖြူအောင်၊ နော်ထဲဆိုဖော၊ အိအိချော၊ နွေးအိဖြူ၊ သဥ္ဇာမြင့်ဇွန်၊ လင်းလင်းကျော်နှင့် ချိုချိုလွင်တို့အတွဲက ကြေးတံဆိပ်တစ်ခု စုစုပေါင်း ဆုတံဆိပ်နှစ်ခုကို ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

ရွက်လှေ အားကစားနည်း အမျိုးသား+အမျိုးသမီး SSL47 ပြိုင်ပွဲတွင် မြန်မာအသင်းမှ စည်သူမိုးမြင့်၊ စိုင်းပြည့်စုံဟိန်း၊ အောင်မြင်သူ၊ မင်းသော်ကောင်း၊ မင်းမင်း၊ ဇွဲသူရ၊ စောသောသီထူး၊ စည်သူဟိန်း၊ သန့်ဇော်ဦး၊ စုမြတ်စိုး၊ နန်းခမ်းဆေးနှင့် ခင်ညိုလင်း တို့အတွဲက ကြေးတံဆိပ်ဆုတစ်ခု၊ ပိုက်ကျော်ခြင်း အားကစားနည်း အမျိုးသမီး လေးယောက်တွဲအသင်းလိုက်ပြိုင်ပွဲတွင် မြန်မာအသင်းမှ အားကစားသမား ဖြူဖြူသန်း၊ ဖူးဖူး၊ နေခြည်နွေး၊ ယမုံဇင်၊ ခင်နှင်းဝေနှင့် ချယ်ရီလင်းသစ်တို့အတွဲက ကြေးတံဆိပ်ဆု တစ်ခု၊ အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းမှ ဇင်မင်းဦး၊ အောင်မျိုးကျော်၊ သန့်ဇင်ထွန်း၊ ဇော်မင်းခန့်၊ ရှိန်းဝဏ္ဏဇော်နှင့် ရန်ပိုင်ဦးတို့အတွဲက ငွေတံဆိပ်ဆုတစ်ခု ထပ်မံ ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

### (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေ

၁၈-၁၂-၂၀၂၅

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၁၉၇ | ၁၃၀ | ၉၃ | ၄၂၀ |
| ၂ | အင်ဒိုနီးရှား | ၈၀ | ၉၃ | ၁၀၃ | ၂၇၆ |
| ၃ | ဗီယက်နမ် | ၇၃ | ၇၂ | ၉၉ | ၂၄၄ |
| ၄ | စင်ကာပူ | ၄၈ | ၅၁ | ၆၉ | ၁၆၈ |
| ၅ | မလေးရှား | ၄၆ | ၄၉ | ၁၀၉ | ၂၀၄ |
| ၆ | ဖိလစ်ပိုင် | ၄၁ | ၅၉ | ၁၂၆ | ၂၂၆ |
| ၇ | မြန်မာ | ၃ | ၂၀ | ၃၈ | ၆၁ |
| ၈ | လာအို | ၂ | ၉ | ၂၂ | ၃၃ |
| ၉ | ဘရူနိုင်း | ၁ | ၃ | ၄ | ၈ |
| ၁၀ | တီမော | ၀ | ၀ | ၃ | ၃ |

ထို့ပြင် နပန်းအားကစားနည်းမှ အမျိုးသမီး – ၅၀ ကီလိုတန်းပြိုင်ပွဲတွင် ခိုင်စပါယ်က ကြေးတံဆိပ်ဆု၊ –၅၃ ကီလိုတန်းပြိုင်ပွဲတွင် ခင်ခင်စုက ကြေးတံဆိပ်ဆု၊ –၅၇ ကီလိုတန်းပြိုင်ပွဲတွင် သဲသိမ့်သိမ့်သူက ကြေးတံဆိပ်ဆု စုစုပေါင်း ကြေးတံဆိပ်ဆု သုံးခုကို အသီးသီး ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

ယမန်နေ့ ပြိုင်ပွဲပွဲစဉ်များဖြစ်သည့် မွေအားကစားနည်း ၅၄ ကီလိုတန်းပြိုင်ပွဲတွင် စောခိုင်ရဲလင်းနှင့် မာလာဝင်းတို့က ကြေးတံဆိပ်တစ်ခုစီ၊ ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ဥမ္မာစိုးနှင့် စောအတတ်တို့က ကြေးတံဆိပ်တစ်ခုစီ၊ ၅၁ ကီလိုတန်းပြိုင်ပွဲတွင် ထန်ခွီးရှိန်က ကြေးတံဆိပ် တစ်ခု၊ ၇၁ ကီလိုတန်းပြိုင်ပွဲတွင် ထွန်းမင်းအောင်က ကြေးတံဆိပ်တစ်ခု၊ ၆၃ ကီလိုတန်းပြိုင်ပွဲတွင် ရေချမ်းက ကြေးတံဆိပ်တစ်ခု၊ ၆၀ ကီလိုတန်းပြိုင်ပွဲတွင် အဲလိဇဘက်ကျိန်ဇဟွဲက ကြေးတံဆိပ်တစ်ခု၊ ၄၅ ကီလိုတန်းပြိုင်ပွဲတွင် စောမြတ်မိုးက ကြေးတံဆိပ်တစ်ခု စုစုပေါင်း ကြေးတံဆိပ် ကိုးခုတို့ကို အသီးသီး ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

(၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ဒီဇင်ဘာ ၁၈ ရက် ပြိုင်ပွဲများအပြီးတွင် မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် ၂၀၊ ကြေးတံဆိပ် ၃၈ ခု စုစုပေါင်းဆုတံဆိပ် ၆၁ ခု တို့ဖြင့် နိုင်ငံအလိုက် အဆင့် ၇ တွင် ဆက်လက်ရပ်တည်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ကြေးတံဆိပ်(၁၁) ဆုရရှိခဲ့သည့် ဘိလိယက်နှင့်စနူကာ၊ စစ်တုရင်၊ မွေအားကစားအဖွဲ့နှင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော အားကစားအဖွဲ့များ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဘိလိယက်နှင့် စနူကာအားကစားနည်းမှ စနူကာ တစ်ဦးချင်းပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရ ဘုန်းမြင့်ကျော်၊ စစ်တုရင်အားကစားနည်းမှ အမျိုးသမီးလေးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲတွင် ကြေးတံဆိပ် ဆုရရှိခဲ့သော စုစုလှိုင်၊ စိုးမိုးခိုင်၊ မျိုးမျိုးသူ၊ မေဆုလွင်၊ မေဆက်လွင်တို့အတွဲ၊ မွေအားကစားနည်းမှ ကြေးတံဆိပ်ဆုများ ရရှိခဲ့ကြသောအမျိုးသား (၅၄) ကီလိုပြိုင်ပွဲတွင် စောခိုင်ရဲလင်း၊ အမျိုးသား (၅၇) ကီလိုပြိုင်ပွဲတွင် စောအတတ်၊ အမျိုးသား(၅၁) ကီလိုပြိုင်ပွဲတွင် ထန်ခွီးရှိန်၊ အမျိုးသား (၇၁) ကီလို ပြိုင်ပွဲတွင် ထွန်းမင်းအောင်၊ အမျိုးသား (၆၃ ဒသမ ၅) ကီလို ပြိုင်ပွဲတွင် ရေချမ်း၊ အမျိုးသား (၄၅) ကီလိုပြိုင်ပွဲတွင် စောမြတ်မိုး၊ အမျိုးသမီး (၅၄) ကီလိုပြိုင်ပွဲတွင် မာလာဝင်း၊ အမျိုးသမီး(၅၇)ကီလို ပြိုင်ပွဲတွင် ဥမ္မာစိုး၊ အမျိုးသမီး (၆၀) ကီလိုပြိုင်ပွဲတွင် အဲလိစဘတ်ကျိန်ဇဟွဲတို့နှင့်အတူ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားအဖွဲ့ဝင်များသည် ယနေ့တွင် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း (MAI) ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုးများက ဂုဏ်ပြုကြိုဆိုကြကြောင်း သိရသည်။

**သတင်းစဉ်**

## ထားဝယ်တက္ကသိုလ်၌ ဥပဒေဆိုင်ရာ အသိပညာပေးဟောပြော



ထားဝယ် ဒီဇင်ဘာ ၁၈

ထားဝယ်တက္ကသိုလ်တွင် ဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၆ ရက်က ထားဝယ်တက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ ထားဝယ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းသန်းဦးက အမှာစကား ပြောကြားပြီး ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနုနုရီက ''Intellectual Property Rights, Research and University" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာတင်ဌေးအိက "The Important of Environmental Plastic Pollution" ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



နမ့်စန်မြို့နယ်၌ နမ့်စန်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းဌေးနှင့် တာဝန်ရှိသူများက "ဒို့အတူတူ မဲပေးကြမယ်"မြေစိုက်ပိုစတာစိုက်ထူခြင်းကို ဒီဇင်ဘာ ၁၆ ရက်က လူစည်ကားရာနေရာများ၌ ဆောင်ရွက်စဉ်။ သူရအောင်(နမ့်စန်)

## သာကေတမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်း

ရန်ကုန် ဒီဇင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၃ ရက်က မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးထွန်းမင်းလတ်က အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင် အခွန်ထမ်းစုစုပေါင်း ၄၇ ဦး တက်ရောက်ခဲ့သည်။

**ရွှေစင်(ပြန်/ဆက်)**





စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက "ဒို့အတူတူ မဲပေးကြမယ်"၊ "ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့" အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ဒီဇင်ဘာ ၁၅ ရက်က မန္တလေး-မုံရွာ ကားလမ်းမပေါ်ရှိ အသင်္ချာ စောယွန်းအပိုင်း၌ ဆောင်ရွက်စဉ်။ နေလင်းအောင်(ပြန်/ဆက်)

## ကော့သောင်းမြို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံသင်တန်းဖွင့်

ကော့သောင်း ဒီဇင်ဘာ ၁၈

ကော့သောင်းမြို့၌ ကော့သောင်းခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ



စီမံခန့်ခွဲမှု အခြေခံသင်တန်း(၁/၂၀၂၅)ဖွင့်ပွဲကို ဒီဇင်ဘာ ၁၅ ရက်က ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက်ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ကော့သောင်းခရိုင်ဦးစီးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်က အမှာစကားပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးနေယုက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် ဌာနများမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာ ဝေါဟာရများနှင့် သဘောတရားများ၊ မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်များ၊ သဘာဝဘေးအမျိုးအစားများ၊ ကျန်းမာရေးစောင့်ရှောက်မှုအခန်းကဏ္ဍများ၊ မြန်မာနိုင်ငံ မီးဘေးအန္တရာယ်များ၊ ရှေးဦးသူနာပြုစုခြင်းများနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာများကို သင်တန်းသား သင်တန်းသူ ၃၀ အား ဒီဇင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**



မိုင်းဆတ်မြို့၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအားလွန်နှင့် တာဝန်ရှိသူများက မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲပေးစက်ကိုင် တာဝန်ထမ်းဆောင်မည့်သူများအား မဲပေးစက် ကိုင်တွယ်အသုံးပြုခြင်းနှင့် မဲရုံခင်းကျင်းခြင်းသရုပ်ပြခြင်းကို ဒီဇင်ဘာ ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့ကြစဉ်။ ခရိုင်(ပြန်/ဆက်)

## ရွှေဝါထွန်း(၂)စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း၏ မိုးစပါးရိတ်သိမ်း

လယ်ဝေး ဒီဇင်ဘာ ၁၈



နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၁၅ ရက်က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သော လယ်ဝေးမြို့နယ် ရုံးတောကျေးရွာရှိ ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းပိုင် မိုးစပါးစိုက်ကေ ၂၀ ရိတ်သိမ်းမှုကို ကွင်းဆင်းကြည့်ရှုခဲ့သည်။

ကွင်းဆင်း ကြည့်ရှုစဉ် ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်က စပါးများရောင်းချရာတွင် အလေးချိန်မှန်ကန်မှု ရှိစေရေး၊ ဈေးကောင်းရရှိစေရေးတို့အတွက် မြို့နယ်ဦးစီးဌာနနှင့် အသင်း ပေါင်းစပ်ဆောင်ရွက်ရန် မှာကြားပြီး မြို့နယ်ဦးစီးအရာရှိနှင့် အသင်း၏ အတွင်းရေးမှူးတို့က အသင်းပိုင်လယ်ယာမြေများတွင် ပန်းဂေါ်ဖီစိမ်း၊ ဂေါ်ဖီထုပ်နှင့် မတ်ပဲသီးနှံများ ဆက်လက်စိုက်ပျိုးမည့် အခြေအနေတို့ကို ဆွေးနွေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



ကျိုင်းတုံမြို့၌"ဒို့အတူတူမဲပေးကြမယ်"အသိပညာပေးမြေစိုက်ပိုစတာ စိုက်ထူပွဲကို ဒီဇင်ဘာ ၁၃ ရက်က မြို့မဈေးကြီးရှေ့၌ စိုက်ထူရာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးတင်လင်းနှင့် တာဝန်ရှိသူများကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။အောင်ဇင်မြင့်(ပြန်/ဆက်)



ပြည်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးသုံးပစ္စည်း အရောင်းဆိုင်များကို ဒီဇင်ဘာ ၁၅ ရက်က စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးဇော်ဝင်းထွန်းနှင့် တာဝန်ရှိသူများက ပိုးသတ်ဆေးများ ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်စေရေးနှင့် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးစဉ်။ ခရိုင်(ပြန်/ဆက်)



(၁၂၁) ကြိမ်မြောက် မြန်မာ့သမဝါယမစတင်ခြင်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ငါးသားပေါက်ထည့်ခြင်းကို ဒီဇင်ဘာ ၁၅ ရက်က သနပ်ပင်မြို့နယ် မင်းရွာ(ကမာဘာ)ကျေးရွာရှိ တိုးတက်စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းလီမိတက် အတွင်းရေးမှူး ဦးခင်ဇော်မောင် ငါးကန်၌ပြုလုပ်ရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ငါးသားပေါက်များ မွေးမြူပေးကြစဉ်။ အောင်မြင့်မြတ်(ပြန်/ဆက်)



ချောင်းဦးမြို့ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုရှိ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မဲရုံအလိုက် တာဝန်ယူဆောင်ရွက်မည့် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် MEVM မဲပေးစက် ကိုင်တွယ်မည့်သူများက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အသုံးပြုမည့် မဲပေးစက်များ တပ်ဆင်ခြင်းလုပ်ငန်းများကို ဒီဇင်ဘာ ၁၆ ရက်က အနော်ရထာခန်းမ၌ ဆောင်ရွက်ကြစဉ်။ ဝင်းမြင့်အောင်(ပြန်/ဆက်)

# လယ်ဝေးမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၁၈**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် လယ်ဝေးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရနှင့်တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၁၅ ရက်က မြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်သည် ရှမ်းစုအရှေ့ကျေးရွာနှင့် ဒက္ခိဏသီရိမြို့နယ် ရဲဒိဳးကျေးရွာသို့ ဆက်သွယ်သည့်လမ်းကို အရှည်ပေ ၀/၇ ဒသမ ၁၈မိုင်၊ အကျယ် ၁၆ ပေရှိ ကျောက်ချောလမ်း အဆင့်မြှင့်တင်နေမှု၊ ရှမ်းစုကျေးရွာအနီး ဆင်အုံကန် HR-1 (ရေထုတ်ပေါက်-၁) မြောင်းကို တိုးချဲ့၍ အရှည်ပေ ၃၀၀ ကို ကျောက်ကြီး လိုင်နင်စီခြင်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့နယ် ရှားချောင်းကျေးရွာအနီးတွင် ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသော ပြည်မဒန်း ဆည်တူးမြောင်းမကြီးပေတိုင် ၁၅၆၀၀ ရှိ ရေဆိုးထုတ်အဆောက်အအုံပျက်စီးမှုကို ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းနှင့် မဒန်းဆည်တူးမြောင်းမကြီး ပေတိုင် ၁၇၈၀၀ ရှိ ရေဆိုးထုတ် အဆောက်အအုံပျက်စီးမှု ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

မြို့နယ်(ပြန်/ဆက်)

# ထားဝယ်မြို့နယ်၌ မိုးစပါးရိတ်သိမ်း

**ထားဝယ် ဒီဇင်ဘာ ၁၈**

ထားဝယ်မြို့နယ် ဘုမ္မော်ရပ်ကွက် ရွှေဝါမြေစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်မှ အသင်းသားတောင်သူများ စိုက်ပျိုးထားသောလယ်ကေများတွင် ထိုင်းနံ့ကောက်စပါးနှင့် GW -11 မိုးစပါးများအား ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုကို ဒီဇင်ဘာ ၁၄ ရက်က တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရွှေဝင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။



ထားဝယ်မြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့် သမဝါယမအသင်းသားတောင်သူ ၂၃ ဦး၏ ထိုင်းနံ့ကောက်စပါးနှင့် GW-11 မိုးစပါး ၁၅၅၄ ဧက စိုက်ပျိုးထားရာမှ ဧက ၃၀၀ ရိတ်သိမ်းခြင်းမှ တစ်ဧကလျှင် စပါးအထွက်နှုန်း ၁၀၁ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ပေါင်မြို့နယ် စိန်ပန်းဈေး သမဝါယမအသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာစည်းဝေး

**ပေါင် ဒီဇင်ဘာ ၁၈**

မွန်ပြည်နယ် ပေါင်မြို့နယ် ပေါင်းရပ်ကွက်၌ စိန်ပန်းဈေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့က မြို့နယ်သမဝါယမအသင်းစုခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် သဘာပတိ စိန်ပန်းဈေးသမဝါယမအသင်းဥက္ကဋ္ဌ ဦးသန်းမင်းဦးက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးအရာရှိ ဒေါ်သင်းသင်းယုနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးအေးမင်းတို့က စိန်ပန်းဈေး သမဝါယမအသင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက ဘဏ္ဍာရေးရှင်းတမ်းများ၊ အမှုဆောင်အစီရင်ခံစာနှင့် အသင်းစာရင်းစစ်အစီရင်ခံစာများ ဖတ်ကြားကြပြီး အစည်းအဝေး တက်ရောက်သည့် အသင်းသားများအား စားသုံးကုန်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။



မွန်မလေး(ပြန်/ဆက်)

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မူလတန်းအဆင့် အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပ



**ဖောင်းပြင် ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် ပညာရေးဌာနကကြီးမှူး၍ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မူလတန်းအဆင့် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးဝင်းညွှန့်က ဘောလုံးအားကစားပြိုင်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားကာ အဖွင့်ပွဲစဉ်အဖြစ် အလက-ရွှေညောင်ပင်အသင်းနှင့် အမက-မယ်ဇလီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

# ကော့သောင်းမြို့၌ အီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းဆိုင်ရာသင်တန်းဖွင့်

**ကော့သောင်း ဒီဇင်ဘာ ၁၈**

ကော့သောင်းမြို့တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမည့် ရက်တွင် မဲရုံများ၌ တာဝန်ထမ်းဆောင်ကြမည့်မဲရုံမှူး၊ ဒုမဲရုံမှူး၊ အရန်မဲရုံမှူးနှင့် ထိန်းချုပ်စက် ကိုင်တွယ်မည့်သူများအား အီလက်ထရောနစ် မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းဆိုင်ရာ သင်တန်းပေးခြင်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီခန်းမ၌ ဆောင်ရွက်သည်။



**ပို့ချမည်**

အဆိုပါသင်တန်းတွင် အီလက်ထရောနစ်မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံနှင့်ပါဝင်သည့် ဆက်စပ်ပစ္စည်းများ၊ အီလက်ထရောနစ်မဲပေးစက်များ စစ်ဆေးခြင်း၊ ရွေးကောက်ပွဲမတိုင်မီ မဲရုံတွင် အီလက်ထရောနစ် မဲပေးစက်များ အသုံးပြုရန် ကြိုတင်ပြင်ဆင်ခြင်းနှင့်စမ်းသပ်မဲပေးခြင်း၊ အီလက်ထရောနစ် မဲပေးစက်များကို ကိုင်တွယ်ခြင်း၊ အရန်စက်လဲလှယ်ခြင်း၊ မဲရေတွက်ခြင်း၊ အရေးပေါ်ကိစ္စရပ်များ ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ မဲပေးစက်အသုံးပြုခြင်း လုပ်ငန်းစဉ်များ၊ ထိန်းချုပ်စက်ကိုင်တွယ်အသုံးပြုခြင်း လုပ်ငန်းစဉ်များကို သင်တန်းသား သင်တန်းသူများအား ပို့ချပေးသွားမည်ဖြစ်သည်။

ခရိုင်(ပြန်/ဆက်)



ဇေယျာသီရိမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ ဆန္ဒမဲပေးနိုင်ရန် မဲရုံများအား မီးဘေးအန္တရာယ်လုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသူနှင့် တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၁၆ ရက်တွင် စစ်ဆေးဆောင်ရွက်စဉ်။ ထွန်းလင်း(ဇေယျာမြေ)



ပဲခူးမြို့ရပ်ကွက်များရှိ မဲရုံပြုလုပ်မည့် အခြေခံပညာကျောင်းများနှင့် ရပ်ကွက်ရုံးများသို့ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၁၇ ရက်တွင် စစ်ဆေးဆောင်ရွက်စဉ်။ သက်ဖြိုးကြိုင်(ပြန်/ဆက်)



မြင်းမူမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ ပါဝင်မဲပေးနိုင်ရေးအတွက် "ဒို့အတူတူ မဲပေးကြမယ်"၊ "ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့" အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ဒီဇင်ဘာ ၁၆ ရက်တွင် မန္တလေး-မုံရွာ ကားလမ်းမပေါ်ရှိ အထက(၁)ကျောင်းရှေ့၌ ဆောင်ရွက်စဉ်။ နေလင်းအောင်(ပြန်/ဆက်)



ပခုက္ကူမြို့၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် တာဝန်ရှိသူများ ပူးပေါင်း၍ ဒီဇင်ဘာ ၁၅ ရက်က လူစည်ကားရာနေရာများ၌ "ဒို့အတူတူမဲပေးကြမယ်"၊ "ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သောအနာဂတ်ဆီသို့" ရွေးကောက်ပွဲ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်စဉ်။ ကယ်ရီမောင်



သနပ်ပင်မြို့နယ်၌ ကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့ပူးပေါင်း၍ ကွမ်းယာ၊ ဆေးလိပ်နှင့်ဆေးရွက်ကြီး အန္တရာယ်အကြောင်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေးခြင်းကို ဒီဇင်ဘာ ၁၆ ရက်က မြို့မဈေး၌ ဆောင်ရွက်စဉ်။ အောင်မြင့်မြတ်(ပြန်/ဆက်)

## ကျောက်ဆည်မြို့ မဲရုံကြိုတင်ပြင်ဆင်ထားသည့်နေရာများနှင့် မဲပေးစက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေး



**ကျောက်ဆည် ဒီဇင်ဘာ ၁၈**
မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးသည် ကျောက်ဆည်မြို့နယ် သင်တောင်းကျေးရွာအုပ်စု ရွှေသိမ်တော် ဘုရားဝင်းအတွင်းရှိ ကေသီဦးဓမ္မာရုံ၌ ဒီဇင်ဘာ ၁၇ ရက်က တာဝန်ရှိသူများနှင့်အတူ ကျေးရွာပြည်သူများနှင့် တွေ့ဆုံပြီး မဲစာရင်းတွင် မိမိတို့၏ အမည်စာရင်းများ ပါရှိစေရေး ကြည့်ရှုရန်နှင့် မဲပေးရမည့်နေ့ရက်တွင် မဲရုံသို့ လာရောက်၍ မဲပေးကြရန် ဆွေးနွေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးနှင့်အဖွဲ့သည် သင်တောင်းကျေးရွာအုပ်စု မဲရုံအမှတ်(၁)နှင့် မြေကြည်လင်ရပ်ကွက် အထက(၃)၌ ပြုလုပ်ထားသည့် မဲရုံအမှတ်(၁) ခင်းကျင်းပြင်ဆင်ထားရှိမှု၊ မဲရုံဥပဓိရုပ်ကောင်းမွန်မှု ရှိ၊ မရှိနှင့် မဲရုံအတွင်းရှိဆန္ဒပြုခန်း အလင်းရောင် ရရှိရေး ဆိုလာမီးအိမ်များ ပြင်ဆင်ထားရှိမှု၊ အီလက်ထရောနစ် မဲပေးစက်များထားရှိသည့် မြို့တော်ခန်းမ၌ လုံခြုံရေးစုဖွဲ့ထားရှိမှုနှင့် မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးအတွက် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဥတ္တရသီရိမြို့နယ်၌ ပန်းတိုင်သီးနှံ အထွက်နှုန်းအလိုက် စစ်တမ်းကောက်ယူ

**နေပြည်တော် ဒီဇင်ဘာ ၁၈**
နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ အဓိကသီးနှံ ၁၀မျိုးကို စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းမရရှိခြင်းအား တောင်သူများနှင့် တွေ့ဆုံစစ်တမ်းမေးခွန်းများ ကောက်ယူခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၆ ရက်က ဆောင်ရွက်သည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက တောင်သူများအား တွေ့ဆုံ၍ ပန်းတိုင်အထွက်နှုန်း သတ်မှတ်ထားသည့် သီးနှံ ၁၀ မျိုးနှင့်စပ်လျဉ်း၍ မျိုးကောင်းမျိုးသန့်များ ပြည့်ပြည့်စုံစုံရရှိခြင်း ရှိ၊ မရှိ၊ မြေပြုပြင်မှုအားနည်းခြင်းရှိ၊ မရှိ၊ လိုအပ်သည့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများကို ပြည့်ပြည့်ဝဝ ထည့်သွင်းနိုင်ခြင်းရှိ၊ မရှိ၊ ရေလုံလောက်စွာရရှိခြင်းရှိ၊ မရှိ၊ ကောက်စိုက်သမငှားရမ်းခ အခက်အခဲရှိ၊ မရှိ၊ ကောက်ကွက်ပြည့်အောင် စိုက်ပျိုးနိုင်ခြင်း ရှိ၊ မရှိနှင့် ပင်ကြားတန်းကြား အပြည့်စိုက်ပျိုးနိုင်ခြင်း ရှိ၊ မရှိ စသည့်အကြောင်းအရာများကို စစ်တမ်းမေးခွန်းများ ကောက်ယူခဲ့ကြောင်း သိရသည်။ **အောင်မျိုးဝင်း(ဥတ္တရ)**

## လယ်ဝေးမြို့နယ်၌ သီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်းအလိုက် စာရင်းကောက်ယူ



**နေပြည်တော် ဒီဇင်ဘာ ၁၈**
ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြို့နယ်ရှစ်မြို့နယ်၌ ပန်းတိုင်အထွက်နှုန်း သတ်မှတ်ထားသည့် သီးနှံ ၁၀ မျိုး ပန်းတိုင်ရည်မှန်းချက် / အထွက်နှုန်းမကောင်းရခြင်း အကြောင်းများကို မြို့နယ်စိုက်ပျိုးကြီးကြပ်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဒုတိယလက်ထောက် ဦးစီးမှူးများ ကွင်းဆင်းစာရင်း ကောက်ယူလျက်ရှိရာ နေပြည်တော် တိုင်းဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် လယ်ဝေးခရိုင်ဦးစီးမှူး ဦးသန်းကိုတို့သည် ဒီဇင်ဘာ ၁၆ ရက်က လယ်ဝေးမြို့နယ် ပေတုန်းမြောင် ကျေးရွာတွင် စာရင်းကောက်ယူမှုများ ကြည့်ရှုသည်။

အဆိုပါစာရင်း ကောက်ယူရာတွင် မြို့နယ်စိုက်ပျိုးကြီးကြပ်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဒုတိယလက်ထောက် ဦးစီးမှူးများက မျိုးကောင်းမျိုးသန့်များ ပြည့်ပြည့်စုံစုံ မရရှိခြင်း၊ မြေပြုပြင်မှု အားနည်းခြင်း၊ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများ ပြည့်ပြည့်ဝဝ မထည့်သွင်းနိုင်ခြင်း၊ စိုက်ပျိုးရေ လုံလောက်စွာ မရရှိခြင်း စသည့်အချက်များကို တောင်သူများအား မေးမြန်းကာ စာရင်းရေးသွင်း ကောက်ယူခဲ့ကြသည်။ **တင်စိုးလွင်(ပြန်/ဆက်)**

## အမရပူရမြို့နယ်၌ ပန်းတိုင်သီးနှံအလိုက် စစ်တမ်းကောက်ယူ

**အမရပူရ ဒီဇင်ဘာ ၁၈**
မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆောက်တောဝကျေးရွာရှိ ပန်းတိုင်သီးနှံများ အထွက်နှုန်းမရရှိသည့် တောင်သူများအား ပန်းတိုင်အထွက်နှုန်းမရရှိသည့် အကြောင်းအရာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းတာဝန်ခံများက ဒီဇင်ဘာ ၁၆ ရက်တွင် ကွင်းဆင်းစစ်တမ်း ကောက်ယူလျက်ရှိသည်။

အဆိုပါ ကွင်းဆင်းစစ်တမ်းကောက်ယူရာနေရာသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းထိန်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။ အမရပူရမြို့နယ်အတွင်းရှိ သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းမရရှိသည့် တောင်သူ ၁၅၀၀ ခန့်အား



စစ်တမ်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လင်းခေးမြို့နယ်၌ သီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းဆင်းဆောင်ရွက်



**လင်းခေး ဒီဇင်ဘာ ၁၈**
ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးကျော်ကျော် ဦးဆောင်သော လင်းခေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၁၆ ရက်က လင်းခေးမြို့နယ်၌ ပန်းတိုင်အထွက်နှုန်း သတ်မှတ်ထားသည့် သီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်းမကောင်းသည့် အကြောင်းအရာများအား တောင်သူများထံ စိစစ်မေးမြန်းခြင်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ချောင်းဆုံမြို့နယ်၌ သီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းဆင်းဆောင်ရွက်

**ချောင်းဆုံ ဒီဇင်ဘာ ၁၈**
မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်၍ ဒီဇင်ဘာ ၁၆ ရက်က ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးရွာစုရပ်များတွင် တောင်သူများအား သီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်းရရှိရေး လိုအပ်သည်များကို ကွင်းဆင်း စစ်တမ်းကောက်ယူသည်။

အဆိုပါ စစ်တမ်းကောက်ယူခြင်းကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးကျော်ကျော်လှိုင် ဦးဆောင်၍ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ မိုးစပါး၊ နေကြာ၊ နှမ်း၊ မြေပဲ၊ ပဲတီစိမ်းနှင့် မတ်ပဲ စိုက်ပျိုးသည့် တောင်သူ ၇၀၀ တို့၏ မျိုးကောင်းမျိုးသန့်များ ရရှိမှုအခြေအနေ၊ မြေပြုပြင်မှုအခြေအနေ၊ မြေဩဇာအသုံးပြုမှုအခြေအနေ၊ စိုက်ပျိုးရေ ရရှိမှုအခြေအနေနှင့် စိုက်ပျိုးရေး လုပ်သားရရှိမှုအခြေအနေတို့ကို စစ်တမ်းကောက်ယူခဲ့ကြသည်။ **ကိုကျော်(ချောင်းဆုံ)**



## တနင်္သာရီတိုင်းဒေသကြီးအတွင်း ပန်းတိုင်သီးနှံ အထွက်နှုန်းအလိုက် စစ်တမ်းကောက်ယူ

**ထားဝယ် ဒီဇင်ဘာ ၁၈**
တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထိုက်သည် ထားဝယ်ခရိုင်ဦးစီးမှူး၊ ခရိုင်အတွင်းရှိ မြို့နယ်ဦးစီးမှူးများနှင့်အတူ ဒီဇင်ဘာ ၁၆ ရက်က ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များ၌ သီးနှံ ၁၀ မျိုး ပန်းတိုင်ရည်မှန်းချက်/အထွက်နှုန်း မကောင်းရခြင်းအကြောင်းအရာများ စိစစ်မေးမြန်းမှုအပေါ် ဖြေကြားပေးနေသော မြို့နယ်များမှ တောင်သူများ၊ စာရင်းကောက်ဝန်ထမ်းများနှင့်တွေ့ဆုံကာ စာရင်းများ သေချာတိကျမှန်ကန်ရေး၊ သတ်မှတ်အချိန်အတွင်း ပြီးစီးရေး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအတွင်းရှိ ဒုတိယလက်ထောက်ဦးစီးမှူး တစ်ဦးလျှင် တောင်သူ ၁၀၀ နှုန်းဖြင့် စုစုပေါင်း တောင်သူ ၂၃၀၀ အား စစ်တမ်းကောက်ယူဆောင်ရွက်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။




## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၇၄၅၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1P/8027, Hyundai Starex ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးနိုင် ၁၂/သကတ(နိုင်)၀၉၂၀၈၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 21U/6893, Dayung 300, 3W ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ဝေမွန် ၁၄/ပသန(နိုင်)၁၇၉၉၈၈ မှ ဖောင်းကြွနံပါတ်ပြားပျောက် လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

# အလိမ္မာ စာမှာရှိ

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၃၉၆၄၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၇၀၆၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ သီတာလမ်း၊ တိုက်အမှတ် (၄၃)၊ (၆) လွှာ(ဘီ)နေ ဒေါ်ယဉ်မြတ်သူ ၁၂/ သကတ(နိုင်)၁၉၉၉၀၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ တိုက်အမှတ် (၁၉)၊ (၅) လွှာ၊ စတုတ္ထထပ်၊ အကျယ်အဝန်း (၁၂ ½)ပေ x (၅၀)ပေ ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသော ဒေါ်နှင်းဟေမာန်လွင် ၁၂/တမန(နိုင်)၁၀၇၆၉၈ ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ယဉ်မြတ်သူ** | **ဒေါ်နုနုလှိုင် (LL.B,DBL,D.I.P.L)** |
| **၁၂/သကတ(နိုင်)၁၉၉၉၀၄** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၅၂၂၃) (၂၇-၁၂-၂၀၁၈)** |
| | **အမှတ် (ခ/၇၅၀)၊ ဗေဒါ (၂) လမ်း၊** |
| | **ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဖုန်း-၀၉-၂၅၀၆၅၈၃၃၆** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ကလောခရိုင်၊ ကလောမြို့၊ ရပ်ကွက်(၃)၊ အကွက်အမှတ်နှင့်အမည် (၄၄/ကျောက်တိုင်ရပ်)၊ ဦးပိုင်အမှတ် (၁၅/၄)၊ မြေကွက်အမှတ် (43)၊ ဧရိယာ (၀ဒသမ ၂၉၈) ဧကရှိ မြေကွက်အား ၃-၃-၁၉၈၈မှ ၂-၃-၂၀၁၈ ထိ နှစ်(၃၀) သက်တမ်းရှိ မြေငှားဂရန်အား ဦးကြည်ညွှန့် အမည်ဖြင့် ထုတ်ပေးထားရှိပြီး ဖြစ်ပါသည်။ ဦးကြည်ညွှန့်သည် ၁၀-၂-၁၉၉၇ ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီး ဖြစ်သဖြင့် ၎င်း၏ သားသမီးဖြစ်ကြသော ဒေါ်ခင်ငြိမ်း၊ ဒေါ်ခင်သိန်း၊ ဦးမောင်ဌေး၊ ဦးမောင်မောင်ချစ်၊ ဦးမောင်မောင်လွင်တို့မှ အဆိုပါမြေကွက်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုခဲ့ပါသည်။ ယခုအခါ ယင်းမောင်နှမ (၅) ဦးအနက်မှ (၄)ဦးသည် ဦးမောင်မောင်လွင်ထံသို့ မြေကွက် အပြီးအပိုင်စွန့်လွှတ်ခြင်းစာချုပ်အား ကလောမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၁၂-၁၁-၂၀၂၅ ရက်စွဲပါ စာချုပ်အမှတ် (၁၉၄/၂၀၂၅) အရ ချုပ်ဆိုထားရှိပြီး ဖြစ်သဖြင့် ဦးမောင်မောင်လွင် ၁၃/ကလန(နိုင်)၀၁၀၈၂၀ အမည်ဖြင့် သက်တမ်းတိုး အမည်ပြောင်းဂရန် လျှောက်ထားလာမှုအပေါ် မည်သူမဆို ကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာ ဖြင့် ကလောခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကလောမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၄

| | | |
|---|---|---|
| ဦးဆန်းဦး | နှင့် | ဒေါ်သန်းမြင့် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉) ရပ်ကွက်၊ ကျော်သူ (၁၉) လမ်း၊ အမှတ် (၇၃၇) နေ ဒေါ်သန်းမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက သင့်အပေါ်၌ ကတိပဋိညာဉ်အတိုင်းမြေကွက် အရောင်းအဝယ် မှတ်ပုံတင် စာချုပ်ပြုလုပ်ချုပ်ဆို ပေးစေလိုမှု ရလိုကြောင်းလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် ၃ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလို ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မေသော်သော်ဝင်း)**
**မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

သထုံမြို့၊ ပေါ်တော်မူကျေးရွာ၊ ရွှေဘုံသာအရှေ့လမ်း၊ ကွင်းအမှတ် (၆၄၉)၊ ရဟန္တာမြို့ကွင်း၊ ဦးပိုင်အမှတ် (၂၃၂/၅)၊ ဧရိယာ (၀ဒသမ၀၈)ဧက၊ အိမ်ခြံမြေကို ဒေါ်သန်းသန်းဌေး ၁၀/သထန(နိုင်)၀၁၄၈၁၄၊ ဒေါ်သီသီ ၁၀/သထန(နိုင်)၀၀၃၅၄၉၊ဦးစိုးဝင်း ၁၀/သထန(နိုင်)၀၅၀၃၀၅ တို့က တရားဝင်ပိုင်ဆိုင်သော အိမ်ခြံမြေကို ရောင်းချမည်ဟု ကမ်းလှမ်းရာ ဝယ်ယူသူ ဒေါ်ခိုင်ဇွန်ဝမ်း ၁၀/သထန(နိုင်)၂၀၈၇၇၄မှ ဝယ်ယူရန် သဘောတူ၍ စရန်ငွေအဖြစ် တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အထက်ပါ အိမ်ခြံမြေကိစ္စအဝဝနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများဖြင့် ဤကြေညာစာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မိမိထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်း မည်သူမျှ မရှိပါက လုပ်ထုံးလုပ်နည်းနှင့် အညီ အရောင်းအဝယ်အပြီးသတ်စာချုပ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ဇွန်ဝမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းဌေး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၅၉၄၆)**
**ပေါ်တော်မူကျေးရွာ၊ သထုံမြို့၊ ဖုန်း-၀၉-၇၉၆၉၃၉၇၃၂**

## ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀ တောင်)၊ မြေကွက်အမှတ် (၉၀)၊ အကျယ်အဝန်း (၀ဒသမ၀၅၅) ဧကရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ပတ်သက်၍ မြေအမည်ပေါက် ဦးမြင့်မိုး (MTA-၁၇၂၇၇၆) နှင့် ဆက်ခံပိုင်ခွင့်ရှိသူတို့အားသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်ခြံမြေနှင့်ပတ်သက်၍ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဒေါ်မြမြသင်း ၁၂/သကတ(နိုင်) ၀၃၇၄၈၇ မှ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူလက်ရှိပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါ မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေအမည်သို့ တရားဝင်ပြောင်းလဲနိုင်ရေးအတွက် ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်ပြည့်မြောက်သောနေ့ကို နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက်၍ ပဋိညာဉ်အတိုင်း မြေကွက်နှင့် နေအိမ်အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆို ပေးပါရန် အကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးမိုးအေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၄၅၂) (၂၂-၃-၂၀၀၇)**
**အမှတ် (၇၁)၊ ၇-လွှာ၊ (၇) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉- ၄၂၄၆၈၃၈၅၂**

## သမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

လယ်ဝေးမြို့၊ အမှတ်(၁)ရပ်ကွက်နေ ဦးဇော်ဝင်း - ဒေါ်ဥမ္မာတို့၏ သမီးများဖြစ်သည့် မသင်းပုံ့လှိုင် ၉/လဝန(နိုင်)၂၄၁၈၄၇ နှင့် မရှုမငြီးနိုင် ၉/လဝန(နိုင်)၂၅၂၁၉၃ တို့သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိခင်အပေါ် ကိုယ်ထိလက်ရောက် စော်ကားမှုရှိပါသဖြင့် ယနေ့မှစ၍ သမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောင်တွင် ၎င်းတို့နှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

**မိဘ-ဦးဇော်ဝင်း-ဒေါ်ဥမ္မာ**

## သားအဖြစ်မှအမွေပြတ်စွန့် လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်နေ ဦးအေးဆွေ-ဒေါ်တင်တင်ယုတို့၏သား မောင်ဝင်းမော်ဦး(ခေါ်)ထက်ကောင်းစံ ၁၄/မမက (နိုင်)၂၃၂၈၅၁ သည် မိဘများ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိဆန္ဒအလျောက် ပြုမူသွားပါသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမဆို လုံးဝ (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးအေးဆွေ-ဒေါ်တင်တင်ယု**

## အမည်ပြောင်း

ဦးလင်းကိုကို၏သား နေပြည်တော်၊ စိုးစံ ကိုယ်ပိုင်အထက်တန်းကျောင်း Grade-5 တွင် ပညာသင်ကြားနေသော မောင်ဘုန်းမြတ်ကိုကို အား ယနေ့မှစ၍ မောင်မွန်မြတ်တော် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ လ (ခွဲ) မ (၁၈) မှ အလယ်တန်းပြ ဆရာမ ဒေါ်ခင်အေး(ခ)ဒေါ်ခင်ခင်အေး ၁၃/တကန(နိုင်)၀၇၉၁၅၈ ၏ဖခင် ဦးဖိုးခွေး (ခ)ဦးခွေး မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

သန်လျင်မြို့နယ်၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်၊ သမိုင်း စ-သ-၁၀၄ (၀၂၆) တွင် ပညာသင်ကြားခဲ့သော (ဘ) ဦးသက်တင်၏ သမီး နန်းခမ်းလှိုင် ၁၃/နမတ(နိုင်)၀၆၄၂၉၆နှင့် မနန်းခမ်းလှိုင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနေ (ဘ) ဦးလှမြင့်ဦး၏သား ဦးချမ်းငြိမ်း(ခ)စိုင်းကို ၉/တသန(နိုင်) ၂၀၅၉၅၄ နှင့် ဦးစိုင်းကိုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးချမ်းငြိမ်း (ခ) စိုင်းကို**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ မန်နားကျေးရွာနေ ဦးဝါမေ (ဘ) ဦးကျူလောစင်း ၁၃/လရန(နိုင်)၂၂၆၉၁၁ သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ဖြင့် သောက်ရေသန့်လုပ်ငန်းကို လားရှိုးမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက လူကိုယ်တိုင်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ လားရှိုးမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးသို့ (၁၅) ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။




## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၄)၊ ရွှေစွန်ညိုလမ်း၊ မြေကွက်အမှတ်(၁၄၄၁/ခ) ဦးတင်လှိုင် (TSN-309034) အမည်ပေါက် အကျယ်အဝန်း ( ၂၀ x ၆၀ )ပေ ပါမစ်မြေ အမျိုးအစား မြေကွက်နှင့် အကျယ်အဝန်း (၁၀x၆၀)ပေ နေအိမ်နှစ်လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရရှိထားလျက် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်သော ဒေါ်နန္ဒာအောင်ကြည်(၁၂/သကတ(နိုင်)၁၅၅၄၅၃)၊ ဦးကျော်ထွန်းအောင်ကြည် (၁၂/သကတ(နိုင်)၁၅၈၀၂၃)၊ ဒေါ်ထက်ထက်အောင်ကြည်(၁၂/သကတ(နိုင်)၁၇၈၄၀၈) တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းနောင် (၈/စလန(နိုင်)၁၈၇၈၉၄) က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထား မူရင်းများကို ကိုင်ဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းနောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဂျူလိုင်မိုး (LL.B, D.B.L, W.I.P.O Switzerland)၊**
**အထက်တန်းရှေ့နေ (စဉ်-၅၂၀၇၃)**
**အမှတ်(၇၉၅/ခ)၊ လေးကျွန်းဇမ္ဗူလမ်း၊ (၅၄)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၅၆၁၃၃၄၄၆၊ ၀၉-၇၇၅၀၀၈၃၆၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ငါးဆူတောင်ကျေးရွာ၊ ကွင်းအမှတ်(၉၆၅)၊ ကွင်းအမည်-အင်းဂပိုကွင်း၊ ဦးပိုင်အမှတ်(၄၁)၊ ဗိုလ်မှူးသိန်းထွန်း အမည်ဖြင့် ချထားပေးသော ရွာမြေ (၀.၃၆)ဧက (ပေ အားဖြင့် ၈၀ ပေx၂၀၀ ပေ) အကျယ်အဝန်းရှိ ရွာမြေ၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဦးခင်ညွှန့် (ဘ)ဦးအောင်ထွန်း (၁၂/တမန(နိုင်)၀၃၇၉၈၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူက အပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုပါက ဤသတင်းစာ ကြေညာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဇင်သူဖြိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၉၃၄)**
**အမှတ် (၅၃၇)၊ ခရေလမ်း၊ (၈/၂) မြို့မရပ်ကွက်၊ လှည်းကူးမြို့၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉- ၇၉၅၅၃၃၁၉၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်း (တောင်)ရပ်ကွက်၊ မကြီးကြီးလမ်း၊ ကလောအိမ်ရာ၊ အမှတ် (၁၄-ဘီ)၊ အခန်း (၃)၊ အကျယ်အဝန်း (၁၈ ပေ x ၅၀ ပေ)ရှိ တိုက်ခန်း၊ ယင်းတိုက်ခန်းနှင့် ဆက်စပ်လျက်ရှိသော ရေမော်တာ (၁) လုံး၊ ကိုယ်ပိုင်မီတာ (၁) လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထား ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သစ်သစ်လွင် ၇/ညလပ(နိုင်)၀၉၀၆၂၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်ကိုကို LL.B, LL.M**
**အထက်တန်းရှေ့နေ (စဉ်-၄၀၈၇၆)**
**အမှတ် (၁၄-ဘီ)၊ အခန်း (၁၀)၊ ကလောအိမ်ရာ၊ မုန့်လုပ်ဆောင်းကုန်း (တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း - ၀၉-၅၁၇၈၈၉၄၊ ၀၉-၉၇၀၉၀၈၁၃၅**

## ကျောက်ဆည်တက္ကသိုလ်
## နေ့သင်တန်းနှင့် အဝေးသင် သင်တန်း၏ ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်းနှင့် နေ့သင်တန်း၏ ဘွဲ့နှင်းသဘင် အစီအစဉ်

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောက်ဆည်တက္ကသိုလ်မှ ကျင်းပခဲ့သော ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့ စာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ကြသူများ၏ ဘွဲ့နှင်းသဘင်ကို မန္တလေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**အစမ်းလေ့ကျင့်ခြင်း ( ၂၄-၁-၂၀၂၆ ) စနေနေ့ အစီအစဉ်**

ပထမပိုင်း + ဒုတိယပိုင်း - နံနက် ( ၉:၃၀ မှ ၁၂:၀၀ ) နာရီအထိ

**ဘွဲ့နှင်းသဘင် ( ၂၅-၁-၂၀၂၆ ) တနင်္ဂနွေနေ့ အစီအစဉ်**

**ပထမပိုင်း - နံနက် ( ၉:၃၀ ) နာရီမှ ( ၁၂:၀၀ ) နာရီ အထိ**

| ဘွဲ့ | အထူးပြုဘာသာ |
|---|---|
| မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ | (က) မြန်မာစာ၊ သမိုင်း၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ |
| ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | (ခ) မြန်မာစာ၊ သမိုင်း၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | (ဂ) မြန်မာစာ၊ သမိုင်း၊ အရှေ့တိုင်းပညာ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ |

**ဒုတိယပိုင်း - မွန်းလွဲ ( ၁:၃၀ ) နာရီမှ ( ၄:၀၀ ) နာရီ အထိ**

| ဘွဲ့ | အထူးပြုဘာသာ |
|---|---|
| မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ | (က) အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ ဓာတုဗေဒ၊ သင်္ချာ |
| ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | (ခ) အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဓာတုဗေဒ၊ သင်္ချာ၊ ဘူမိဗေဒ |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | (က) အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ ဓာတုဗေဒ၊ သင်္ချာ၊ ဘူမိဗေဒ |

**ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူမည့်နေ့ရက်**

**နေ့သင်တန်း** - ၁၅-၁၂-၂၀၂၅ ရက်နေ့ မှ ၈-၁-၂၀၂၆ ရက်နေ့ အထိ

**အဝေးသင် သင်တန်း** - ၂၂-၁၂-၂၀၂၅ ရက်နေ့ မှ ၂၇-၁-၂၀၂၆ ရက်နေ့ အထိ

၁။ ဘွဲ့နှင်းသဘင် လျှောက်လွှာတင်သွင်းမည့်သူများသည် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် (၃) လအတွင်း ရိုက်ကူးထားသော (၁ $\frac{၁}{၂}$" x ၂")ဓါတ်ပုံ (၃)ပုံနှင့်အတူ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူတို့ဖြင့် လျှောက်ထားရမည်။ မဟာဘွဲ့ လျှောက်ထားသူများသည် ပထမဘွဲ့၏ ဘွဲ့လက်မှတ် မိတ္တူကိုပါ တစ်ပါတည်း ထည့်သွင်းလျှောက်ထားရပါမည်။

၂။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ယူသူများအတွက် (၁၅၀၀၀ိ/-) ဖြစ်ပြီး အဝေးရောက်ဘွဲ့ယူသူများအတွက်(၁၀၀၀၀ိ/-)ဖြစ်ပါသည်။ ဘွဲ့နှင်းသဘင်ကြေးငွေများကို ကျောက်ဆည်တက္ကသိုလ် ငွေလက်ခံ ဌာနတွင် ပေးသွင်းနိုင်ပါသည်။

၃။ (နေ့သင်တန်း)ဘွဲ့တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံများငှားရမ်းရန်နှင့် ဘွဲ့နှင်းသဘင် တက်ရောက်ခွင့်ပြုသည့် လက်မှတ်/ဧည့်လက်မှတ်များကို ဘွဲ့ကြေး ငွေသွင်းပြေစာပြ၍ (၂၁-၁-၂၀၂၆) ရက်နေ့မှ (၂၂-၁-၂၀၂၆) ရက်နေ့များတွင် ကျောက်ဆည်တက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် ထုတ်ယူနိုင်ပါသည်။

၄။ ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် အစမ်းလေ့ကျင့်ပွဲအခမ်းအနားများတွင် ဘွဲ့တက်ရောက်ယူမည့်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံနှင့် အနောက်တိုင်းဝတ်စုံ(အမျိုးသား)များမှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက် ကြရပါမည်။ သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့် မကိုက်ညီပါက ဘွဲ့နှင်းသဘင်အခမ်းအနားများသို့ တက်ရောက်ခွင့်ပြုမည် မဟုတ်ပါ။

၅။ တက်ရောက်ဘွဲ့ လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးမည် ဖြစ်ပါသည်။

၆။ ယခင်နှစ်များက ဘွဲ့ရစာမေးပွဲ အောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက် လျှောက်ထားနိုင်ပါသည်။

၇။ ကျောက်ဆည်တက္ကသိုလ် (အဝေးသင် သင်တန်း)၏ ဘွဲ့နှင်းသဘင် အသေးစိတ်အစီအစဉ်နှင့် ကျင်းပမည့်နေရာကို ထပ်မံကြေညာပါမည်။

၈။ အခြားအချက်အလက်များ သိရှိလိုပါက ကျောက်ဆည်တက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာန ဖုန်းနံပါတ် ၀၉-၄၂၇၉၉၂၃၆၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မှတ်ချက် ။ ။ တက်ရောက်ခွင့်လက်မှတ်နှင့် ဧည့်လက်မှတ်များကို အစမ်းလေ့ကျင့်ပွဲအခမ်းအနားသို့ တက်ရောက်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

**သီတာအောင်**
**မော်ကွန်းထိန်း**
**စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**ကျောက်ဆည်တက္ကသိုလ်**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးတဗုတ် ၏ သမီး ကျွန်မ မတင် ၁၃/ပလတ(နိုင်) ၀၁၉၁၁၇ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၉၀၆၈၉၀၅၀**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ အထက (၃) မှ ဒေါ်ခင်အေးနွယ် ၁၃/လရန(နိုင်) ၀၀၈၇၁၁ ၏ ဖခင်ဖြစ်သူ ဦးရန်သွယ် (ခ) ဦးရမ်သွယ်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## နိုင်ငံသားစိစစ်ရေးကတ် အမှန်ဖြစ်ကြောင်း

ရမည်းသင်းမြို့၊ ကြည်တော်ကုန်းရပ်ကွက်နေ (ဘ) ဦးသိန်းဇော်၏သား ဦးတင့်ဇော်ဦး ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှန်မှာ ၇/ပတန(နိုင်) ၁၈၃၀၇၁ အမှန်ဖြစ်ပါကြောင်း။ **ဦးတင့်ဇော်ဦး ၇/ပတန(နိုင်) ၁၈၃၀၇၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ ခရေလမ်း၊ မြေကွက်အမှတ်(၁၀၉၄)၊ (၄၀x၆၀) ပေရှိသည့်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော(ခြေရင်းခြမ်း)၊ အမှတ်(၁၀၉၂)နှင့် ကပ်လျက်ခြမ်းဖြစ်သည့် မြေကွက်အမှတ်-(၁၀၉၄)၊ (၂၀x၆၀)ပေရှိ နှစ် (၆၀) မြေငှားဂရန် အမျိုးအစားမြေကွက်နှင့်ယင်း မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးမောင်မောင်လှ(AB-၀၆၈၆၀၉)ကွယ်လွန်၏ အမွေဆက်ခံခွင့်ရှိသော သားသမီးများဖြစ်သည့် ဒေါ်ခင်လှမိုး၊ ဒေါ်ခင်လှမျိုး၊ ဦးထိန်လင်းတို့မှအမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟစာချုပ်မူရင်း၊ နှစ် (၆၀) မြေငှားဂရန်မိတ္တူတို့ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးစိန်သန်း(၁၂/ဥကတ(နိုင်) ၀၆၅၄၂၅ )မှ ၎င်းလက်ရှိ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ နှစ် (၆၀) မြေငှားဂရန်မိတ္တူဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။ **ဝယ်ယူသူ ဒေါ်သူဇာဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသိန်းထူး LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)** **ဒေါ်သီတာမိုး LL.Bအထက်တန်းရှေ့နေ(စဉ်-၅၅၄၉၀)**
**ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မ၀တ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉-၄၄၄၄၃၅၃၅၃၊ ၀၉-၉၇၇၄၅၈၅၂၉**

## ထားဝယ်တက္ကသိုလ်
## အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ခြင်း

| | | |
|---|---|---|
| ၁။ **ခေါ်ယူသည့်တင်ဒါ** | - | ထားဝယ်တက္ကသိုလ်၏ (၂၂)ကြိမ်မြောက်ဘွဲ့နှင်းသဘင် အခမ်းအနား ဓာတ်ပုံနှင့် ဒီဗီဒီရိုက်ကူး ရေးလုပ်ငန်း |
| ၂။ **တင်ဒါသက်တမ်း** | - | ၁၇-၁-၂၀၂၆ ရက် (စနေနေ့) |
| ၃။ **တင်ဒါပုံစံရောင်းချမည့် နေရာ** | - | ထားဝယ်တက္ကသိုလ်၊ ငွေလက်ခံဌာန |
| ၄။ **တင်ဒါပုံစံစတင် ရောင်းချမည့်ရက်** | - | ၂၂-၁၂-၂၀၂၅ရက်(တနင်္လာနေ့) |
| ၅။ **နောက်ဆုံးတင်ဒါ တင်သွင်း ရမည့်ရက်၊ အချိန်၊ နေရာ** | - | ၃၁-၁၂-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့) (၁၄:၀၀) နာရီ စာမေးပွဲနှင့် ဘွဲ့နှင်းဌာန၊ ထားဝယ်တက္ကသိုလ် |

၆။ အသေးစိတ် အချက်အလက်များကို အထက်ပါ တင်ဒါပုံစံ ရောင်းချမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ သင်တန်းရေးရာ၊ ဖုန်း-၀၉-၂၅၁၀၀၀၄၃၈၊ ၀၉-၄၄၉၀၁၅၅၁၈ သို့ ဖြစ်စေ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**(၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ဓာတ်ပုံနှင့်**
**ဒီဗီဒီတင်ဒါကြီးကြပ်မှုကော်မတီ**
**ထားဝယ်တက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကွင်း/ အကွက်အမှတ်နှင့် အမည်(၁၄၄၄၊ ၄ှက်ပြစ်တောင်)၊ ဦးပိုင်အမှတ်(၃-က/ ၁)၊ မြေဧရိယာ (၀ ဒသမ ၀၅၅) ဧကအား ဒေါ်လဲ့ယဉ်မြင့် ၁၄/ မအန(နိုင်) ၁၆၄၆၉၂၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးမှ လူနေထိုင်အသုံးပြုရန်အတွက် မြေငှားဂရန် (အသစ်) ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာ ရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကွင်း/ အကွက် အမှတ်နှင့် အမည်(၁၄၄၄၊ ၄ှက်ပြစ်တောင်)၊ ဦးပိုင်အမှတ်(၄၁၉-က)၊ မြေဧရိယာ (၀ ဒသမ ၀၅၅) ဧကအား ဦးဌေးအောင် ၁၂/ကတန(နိုင်) ၀၀၆၃၃၉၊ အမှတ် (၃) ရပ်ကွက်၊ ညောင်ဦးမြို့မှ လူနေထိုင်အသုံးပြုရန်အတွက် မြေငှားဂရန်(အသစ်)ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လို သူများရှိပါက ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

